# မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၈၈)၊ ၁၃၈၆ ခုနှစ် ၊ နယုန်လပြည့်ကျော် ၁၅ ရက် ၊ ၁၉-၆-၂၀၂၄၊ တနင်္ဂနွေနေ့။


### မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

### ယနေ့ဖတ်စရာအညွှန်း

ရှုဘင်အပိုရင်ကို နည်းပြအသစ်အဖြစ် ခန့်အပ်ရန် အေစီမီလန် အသင်းဆွေးနွေး

စာမျက်နှာ ၁၁

### ထူးခြားမိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။ မိုး/ဇလ





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် - မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများက ပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

## ၂၀၂၄ ခုနှစ်-မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ မဟော်ဂနီပျိုးပင်အား ဦးဆောင် စိုက်ပျိုးပေး

နေပြည်တော် ဇွန် ၁၃


၂၀၂၄ ခုနှစ် - မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ပလွေးကြိုးဝိုင်း အကွက်အမှတ်(၁)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ မဟော်ဂနီပျိုးပင်ကို ဦးဆောင် စိုက်ပျိုးပေးသည်။

စာမျက်နှာ ၃ သို့ ❖

## ဆည်တော်ကြီးရေလှောင်တမံမှ နွေစပါးနှင့် အခြားသီးနှံ ၅၈၇၀၅ ဧကသို့ ဆည်ရေပေးဝေလျက်ရှိ

**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံမှ ၂၀၂၃-၂၀၂၄ နွေသီးနှံစိုက်ပျိုးရာသီအတွက် နွေစပါးနှင့် အခြားသီးနှံ စုစုပေါင်း ၅၈၇၀၅ ဧကသို့ ဆည်ရေပေးဝေလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်က ပြောသည်။



ဆည်တော်ကြီး ရေလှောင်တမံမှ ဆည်ရေသောက်ဧရိယာအတွင်းရှိ နွေစပါးစိုက်ခင်းများအတွက် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ စိုက်ပျိုးရေပေးဝေလျက်ရှိပြီး ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးနှင့်အခြားသီးနှံ ၇၃၈၀၃ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်ထားကြောင်း သိရသည်။

လက်ရှိတွင် နွေစပါး ၅၄၄၉၅ ဧကနှင့် အခြားသီးနှံ ဧက ၄၂၁၀ စုစုပေါင်း ၅၈၇၀၅ ဧက စိုက်ပျိုးပြီးစီးကာ အောင်ရေပေးဝေလျက်ရှိပြီး မကြာမီ နွေစပါးများ ရိတ်သိမ်းတော့မည်ဖြစ်သည်။

"ဆည်တော်ကြီးရေလှောင်တမံသည် ဒေသခံတောင်သူများ နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများကို အချိန်မီစိုက်ပျိုးနိုင်စေရန် နှစ်စဉ် စိုက်ပျိုးရေ လုံလောက်စွာ ဖြန့်ဝေပေးနေသည့် အရေးပါသော ရေလှောင်တမံတစ်ခုဖြစ်သည်"ဟု ၎င်းက ပြောကြားသည်။

ထို့ပြင် မိုးစပါးရေပေးရာသီ မတိုင်မီ စိုက်ပျိုးရေများ လယ်ယာမြေများသို့ စနစ်တကျ ရောက်ရှိနိုင်ရေးအတွက် မြောင်းများပြုပြင်ခြင်း၊ မြောင်းအတွင်း ပိတ်ဆို့နေသော ချုံနွယ်များ၊ အမှိုက်များနှင့် ဒိုက်များကို ရှင်းလင်းခြင်း၊ သဲနုန်းဆယ်ခြင်းနှင့် မြေသားမြောင်းပေါင်များ ပြုပြင်ခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

လာမည့် ၂၀၂၄-၂၀၂၅ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး လျာထားဧက ၇၄၅၉၄ ဧကကို မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်များရှိ လယ်ယာမြေများသို့ စိုက်ပျိုးရေပေးဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဇ)

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၃**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဇွန် ၁၄ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

# ပညာသည် လူတိုင်းအတွက် စစ်မှန်သော အဆွေခင်ပွန်းကောင်းဖြစ်

ပညာသည် လူတိုင်းအတွက် မိတ်ဆွေကောင်းဖြစ်သည်။ လူတိုင်းတွင် အကျိုးအပြစ်ကို ခွဲခြားနိုင်စွမ်းရှိရန်အတွက် ပညာရှိမှသာဖြစ်မည်။ သို့မှသာ အကောင်း၊ အဆိုး၊ အမှား၊ အမှန်ကို ပိုင်းခြားဆင်ခြင် သိမြင်နိုင်မည်လည်း ဖြစ်သည်။ ပညာသည် လူတိုင်းအတွက် မွေးလာသည်မှ သေသည်အထိ စစ်မှန်သော မဖောက်ပြန်သော အဆွေခင်ပွန်းကောင်းလည်းဖြစ်သည်။ လူသားတိုင်း၏ အတွေးအခေါ် အမြော်အမြင်၊ အဆင့်အတန်းကို ပညာကသာ မြှင့်တင်ပေးပါသည်။ ဘဝတွင် အခက်အခဲ အကျပ်အတည်း တစ်စုံတစ်ရာ ကြုံတွေ့ရပါကလည်း ပညာဖြင့်သာ ဆင်ခြင်ဖြေရှင်းရမည်ဖြစ်သည်။ ထို့ကြောင့် ပညာကို အရွယ်မရွေး၊ နေရာမရွေး၊ အချိန်မရွေး ရှာဖွေဆည်းပူးရမည်ဖြစ်သည်။

ပညာတတ်သူသည် အရာရာကို ချင့်ချိန်နိုင်းဆဆောင်ရွက်နိုင်ကြသည်။ ထို့ကြောင့် ပညာသည် မိတ်ဆွေကောင်းဖြစ်သည်။ လောကတွင် အသက်မွေးမှုမှန်သမျှသည် ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်းသည် မြတ်သော အသက်မွေးခြင်းဖြစ်သည်။ ထို့ပြင် ပညာဟုဆိုရာတွင် ကျောင်းသင်ဘာသာရပ်တစ်ခုတည်းကိုသာ ပညာဟု မဆိုနိုင်ပါ။ အသက်မွေးဝမ်းကျောင်းပြုမှု အတတ်ဟူသမျှကို ပညာဟု ဆိုနိုင်ပါသည်။

ကျောင်းသားတိုင်း သင်ကြားနေရသည့် ကျောင်းသင်ဘာသာရပ်သည် ပညာ၏ အခြေခံသာဖြစ်သည်။ ပညာတွင် အသိပညာနှင့် အတတ်ပညာတို့ ပါဝင်ပါသည်။ ဝိဇ္ဇာ၊ သိပ္ပံ အသိအတတ်ပညာရပ်တစ်ခုခုကို တတ်မြောက်လျှင် အသက်မွေးဝမ်းကျောင်းပြုနိုင်ပါသည်။ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ ပညာကို အရင်းခံကာ ဘဝတည်ထောင်သူတို့မှာ မြင့်မားသောအဆင့်သို့ ရောက်ရှိကြရသည်။ ပညာရှိသူနှင့်ပညာမဲ့သူ မတူနိုင်ပါ။ အလင်းနှင့် အမှောင်ကဲ့သို့ ကွဲပြားခြားနားနေမည်ဖြစ်သည်။

ပညာသည်သာ လူတိုင်းအတွက် ဘဝအဆင့်အတန်းမြင့်အောင် တွန်းအားပေးသည်။ ပညာကြောင့် ချီးမြှောက်ခံရပုံ၊ ဘဝအဆင့်မြင့်မားပုံများကို လောကဦ သာဓကများတွင် အထင်အရှား တွေ့နိုင်ပါသည်။ ဆီမီးတိုင်းသည် အမှောင်ခွင်း၍ အလင်းဆောင်သကဲ့သို့ ပညာသည် အမှောင်ထုကို အလင်းဆောင်ပေးပါသည်။ ပညာတတ်သူသည် မိမိတစ်ဦးတည်း၏ အကျိုးစီးပွားအတွက်သာမက ပတ်ဝန်းကျင်ရှိ လူအများ၏အကျိုးကိုလည်း ဆောင်ရွက်နိုင်ပါသည်။ ပညာသည် ပင်လယ်သမုဒ္ဒရာပမာ အတိုင်းအဆ အကန့်အသတ်မရှိ ကျယ်ဝန်းနက်နဲလှပါသည်။ ယနေ့ကမ္ဘာပေါ်တွင် သိမှတ်စရာ အတတ်ပညာများ တိုးတက်လျက်ရှိသည်။ ထို့ကြောင့် ပညာကို မနေမနား ကြိုးစားရှာဖွေနိုင်မှသာ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။

တရုတ်အတွေးအခေါ်ပညာရှင် ကွန်ဖြူးရှပ်၏ အဆိုအမိန့်မှာလည်း မှတ်သားဖွယ်ဖြစ်ပါသည်။ "ကျွန်ုပ်သည် မွေးကတည်းက ပညာရှင်အဖြစ် မွေးလာသူမဟုတ်ပါ။ ပညာကို သိလိုဇောဖြင့် မနေမနား ကြိုးစား၍သာ အားထုတ်ခဲ့ရပါသည်" ဟူ၍ဖြစ်သည်။ ပညာဆည်းပူးရာတွင် လိုချင်စိတ်၊ တတ်ချင်စိတ်၊ သိချင်စိတ်သာလျှင် အဓိကဖြစ်သည်။

ပညာသည် လူတိုင်း၏ စိတ်နေစိတ်ထား၊ အယူအဆ အတွေးအခေါ်များကို ပြောင်းလဲစေနိုင်သည်။ ပညာသည် လူတိုင်းအတွက် အဆွေခင်ပွန်းကောင်းဖြစ်ပြီး ပညာကို အရွယ်မရွေး၊ နေရာမရွေး၊ အချိန်မရွေး ရှာဖွေဆည်းပူးရမည်ဖြစ်သည်။ ယနေ့ခေတ် ကျောင်းသားလူငယ်များအနေဖြင့် ပညာပြည့်ဝ နှလုံးလှသူများဖြစ်အောင် ကြိုးစားအားထုတ်သင့်ပါကြောင်း ရေးသားလိုက်ရပေသည်။

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ယိုးဒယားကြိုးဖြင့် လှူသုံးကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်

**ဝမ်းတွင်း ဇွန် ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ယိုးဒယားကြိုးဖြင့် လူသုံးကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ဇွန် ၁၁ ရက် မွန်းလွဲပိုင်းက လိပ်တက်ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ယိုးဒယားကြိုးဖြင့် လူသုံးကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာမာန်က သင်ထောက်ကူပစ္စည်းများအား သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ယိုးဒယားကြိုးဖြင့် လူသုံးကုန်ထုတ်လုပ်နည်းသင်တန်းကို လိပ်တက်ကျေးရွာမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာများက သင်တန်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ဇွန် ၁၁ ရက်မှ ၂၀ ရက်အထိ ၁၀ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောသည်။

(ဝ၄ဝ)

## သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကျောက်ပန်းတောင်း ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ၂၀၂၆ ခုနှစ်၊ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲက စံပြရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းတွင် ကျင်းပသည်။



အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဇော်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့တာဝန်ရှိသူများထံ ပျိုးပင်များပေးအပ်ပြီး သတ်မှတ်နေရာအသီးသီးတွင် တပျော်တပါး စိုက်ပျိုးကြသည်။

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်မှာ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးနှင့် ကျောင်းဝင်းအတွင်း အရိပ်ရနှစ်ရှည်ပင်များဖြင့် စိမ်းစိုလှပစေရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရပြီး ပျိုးပင်သက် သုံးနှစ်သက်တမ်းရှိ၍ အမြင့် ၃ ပေနှင့် ၄ ပေခန့်ရှိ တမာပင် ၁၅၀ နှင့် ဖျောက်ဆိပ်၊ ကုံကော်၊ ကျွန်း၊ ပိတောက်၊ ရေတမာ၊ မယ်ဇယ် ၁၅၀၊ စုစုပေါင်းအပင် ၃၀၀ ကို ကျောင်းဝင်းအနောက်မြောက်ထောင့် မြေကွက်လပ်တွင် စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အင်အား ၁၅၀ ဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ခင်နွယ်၊ အ.ထ.က(၂)ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ဝင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အင်အား ၁၀၀ ဦး စုစုပေါင်းအင်အား ၂၅၀ ဦး တက်ရောက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
(၄၅၆)

## မီးငြိမ်းသတ်ရေးနှင့် ကြိုတင်ကာကွယ်ရေး အခြေခံသင်တန်း(၁/၂၀၂၆)ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၁၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် မီးငြိမ်းသတ်ရေးနှင့် ကြိုတင်ကာကွယ်ရေး အခြေခံသင်တန်း(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက စက်ရုံနှင့်မော်တော်ယာဉ်ဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဒုတိယဌာနမှူး ဦးကျော်ကျော်ထွန်း၊ ဌာနခွဲမှူး ဦးကိုကိုကြီးနှင့် ဒေါ်ခင်သန္တာစိုး၊ တာဝန်ရှိသူများ၊ ချမ်းမြသာစည်မြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်ခန့်နှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဌာနမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဒုတိယမီးသတ်ဦးစီးမှူးက သင်တန်းကို စာတွေ့၊ လက်တွေ့ သင်ကြားခဲ့သည်။

သင်တန်းကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနရှိ ယာဉ်၊ စက်၊ ယန္တရားနှင့် စက်သုံးဆီများ၊ ရုံးအဆောက်အအုံ၊ စာရွက်စာတမ်းများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မတော်တဆမှုများ ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ စနစ်တကျ စီမံခန့်ခွဲမီးငြိမ်းသတ်ရန်နှင့်မန္တလေးမြို့ပေါ် မီးလောင်မှုဖြစ်စဉ်တိုင်းတွင် ဗဟိုမီးသတ်နှင့် ပူးပေါင်းပါဝင်လုပ်ဆောင်ခဲ့ပြီး နှစ်စဉ် မီးအန္တရာယ်အတွက် သင်တန်းဖွင့်လှစ် ဖာတ်တိုက်လေ့ကျင့်မှုများကိုဆောင်ရွက်နိုင်ရေးအတွက်ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် သင်တန်းသား ၅၀ ဦး တက်ရောက်ကြပြီး ရက်သတ္တ လေးပတ်ကြာ မီးငြိမ်းသတ်ရေး၊ ကြိုတင်ကာကွယ်တားဆီးရေး ဘာသာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် - မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**❖ သစ်ပင်သစ်တောများသည် သဘာဝဂေဟစနစ်များ၏ ဗဟိုချက်ဖြစ်သည့်အတွက် ရေရှည်တည်တံ့အောင် စနစ်တကျစိုက်ပျိုးပြုစုပြီး စီမံအုပ်ချုပ်သွားရမည်**

**❖ ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိသည့်အထဲမှ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့် အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့် လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံး လုပ်ငန်းတစ်ရပ်ဖြစ်**

❖ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ တက္ကသိုလ်ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိက ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြည်သူလူထုပူးပေါင်းပါဝင်**

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် သစ်ပင်စိုက်ပျိုးပွဲတော်များကို ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ် ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတု မျှတကောင်းမွန်စေရေး စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတော်က ဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယနေ့ နေပြည်တော်သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၆ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့် မြို့နယ်များတွင်လည်း သစ်ပင် စိုက်ပျိုးပွဲတော်များကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပပြီး သစ်မျိုးစုံအပင်ပေါင်း ၅၄၈၁၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

**ရေခံမြေခံအခြေခံကောင်းများ**

မိမိတို့နိုင်ငံသည် သစ်ပင်သစ်တောများ၊ မြစ်ချောင်းအင်းအိုင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များ ပြည့်စုံစွာရှိနေကြောင်း၊ အမျိုးအစားစုံလင်လှသည့် ဂေဟစနစ်များ၊ သစ်ပင်သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝသယံဇာတများသည် နိုင်ငံ၏စားရေရိက္ခာထုတ်လုပ်နိုင်မှု၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ သဘာဝပတ်ဝန်းကျင်သာယာဝပြောမှုနှင့် ရာသီဥတုသမမျှတစေမှုတို့အတွက် ရေခံမြေခံ အခြေခံကောင်းများဖြစ်ကြောင်း။

သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်ရှိသက်ရှိများအားလုံးရှင်သန် ရပ်တည်ရေးအတွက် အလွန်အရေးပါလှကြောင်း၊ ထို့ပြင် ရာသီဥတုမျှတရေး၊ စားရေရိက္ခာဖူလုံရေး၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ရေနှင့် မြေဆီလွှာထိန်းသိမ်းရေး စသည့် ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါးစသည့် သစ်တောထွက် ပစ္စည်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်ပင်သစ်တောများသည် သဘာဝဂေဟစနစ်များ၏ ဗဟိုချက်ဖြစ်သည့်အတွက် ရေရှည်တည်တံ့အောင်စနစ်တကျစိုက်ပျိုးပြုစုပြီး စီမံအုပ်ချုပ်သွားရမည်ဖြစ်ကြောင်း။



ဒုတိယသမ္မတ ဦးညိုစော သတ်မှတ်နေရာတွင် ပျိုးပင်စိုက်ပျိုးပေးစဉ်။

**ကြိုးပမ်းဆောင်ရွက်**

မိမိတို့နိုင်ငံသည် အာဆီယံဒေသတွင်း နိုင်ငံများထဲတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ကြောင်း၊ ကုလသမဂ္ဂစားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိပြီး ၂၀၂၅ ခုနှစ်တွင် ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်း (ဒသမ ၀၄) ရာခိုင်နှုန်း လျော့နည်းသွားသည်ကိုတွေ့ရပြီး သစ်တောပြုန်းတီးမှုများ လုံးဝရပ်တန့်သွားအောင် ဆက်လက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်တည်ငြိမ်သည့် ပတ်ဝန်းကျင်ဂေဟစနစ်များ ထားရစ်နိုင်ခဲ့ရန်အတွက် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းရောက်အောင် ရည်မှန်းချက်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယနေ့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတွင် တွေ့ကြုံနေရသည့် ရာသီဥတုပြောင်းလဲမှု အဓိကအကြောင်းရင်းများကို လေ့လာဆန်းစစ်ကြည့်မည် ဆိုပါက ရုပ်ကြွင်းလောင်စာ အသုံးပြုမှုများလာခြင်း၊ စွမ်းအင်နှင့် စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာခြင်း၊ သစ်တောများပြုန်းတီးခြင်း၊ လူဦးရေတိုးပွားလာမှုနှင့်အတူ သစ်တောများကို အခြားမြေအသုံးချမှုအဖြစ် ပြောင်းလာခြင်း စသည့် အကြောင်းရင်းများကြောင့် ဖြစ်ကြောင်း၊ အဆိုပါအချက်များကြောင့် လေထုထဲကို မှန်လုံအိမ်ဓာတ်ငွေ့အမြောက်အမြား ပိုမိုထုတ်လွှတ်လာပြီး ရာသီဥတုပြောင်းလဲမှု ပြင်းထန်လာသည်နှင့်အမျှ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်လာကြရခြင်းဖြစ်ကြောင်း။

နိုင်ငံတကာ ရာသီဥတုပြောင်းလဲမှု လေ့လာစောင့်ကြည့်ရေး အဖွဲ့တချို့၏ ၂၀၂၆ ခုနှစ်၊ ရာသီဥတုဘေးဖြစ်နိုင်ခြေ အညွှန်းကိန်းအရ မြန်မာနိုင်ငံသည် ရာသီဥတု ပြောင်းလဲမှုကြောင့် ထိခိုက်ခံစားမှုအများဆုံး ၁၀ နိုင်ငံတွင် ပါဝင်နေသည်ကို သိရကြောင်း၊ ရာသီဥတု ပြောင်းလဲမှုကြောင့် နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များ ပိုမိုဆိုးရွားပြင်းထန်လာစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသသည် ကမ္ဘာ့အပူချိန် အမြင့်မားဆုံးစာရင်းဝင်နေသည်ကို တွေ့ရပြီး ၂၀၂၄ ခုနှစ်တွင် ချောက်မြို့သည် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်အထိ စံချိန်တင် မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ၄၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်၊ ယခုနှစ်မှာ ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ် ရှိသည်ကိုတွေ့ရကြောင်း၊ အလားတူ မြေလတ်ဒေသမြို့ကြီး ၁၂ မြို့တွင် ၄၁ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ရှိနေသည်ကို တွေ့ရကြောင်း။

**ကြိုတင်ပြင်ဆင်ထားရန်လိုအပ်**

အထူးသဖြင့် ယခုနှစ်ကုန်ပိုင်းတွင် အလွန်အားကောင်းသည့် စူပါအယ်လ်နီညိုအဆင့်ထိ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းထားပြီး ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့သည် ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးနှစ် ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုတို့ပေါင်းစပ်သက်ရောက်လာသည်ကို ခံရမည်ဆိုပါက မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ တောမီး လောင်ကျွမ်းခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့် ကဏ္ဍအသီးသီးအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်သည့်အတွက် အဘက်ဘက်က ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**အကျိုးအရှိဆုံးလုပ်ငန်း**

ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိသည့်အထဲမှ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့် အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့် လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံး လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။

အပူပိုင်းဒေသ ၁၃ ခရိုင်အပါအဝင် အပူချိန်မြင့်မားသည့် မြေလတ်ဒေသ မြို့ကြီးများတွင် သစ်ပင်သစ်တော အလွန်ကျဲပါးခြောက်သွေ့ပြီး သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းနည်းပါးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လေ့လာမှုများအရ အပူပိုင်းဒေသ ၁၃ ခရိုင်တွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အပင်ပေါင်း သန်း ၆၀ ကျော် စိုက်ပျိုးခဲ့သည့်အတွက်

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

ယေဘုယျအားဖြင့် ဧက နှစ်သိန်းကျော်နှင့် ညီမျှသည်ဟု တွက်ချက်သိရှိရကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သစ်ပင်မျိုးစုံ ၂၆၉ သန်း ၈ သိန်းကျော် စိုက်ပျိုးခဲ့သည့်အတွက် ယေဘုယျအားဖြင့် ဧက တစ်သန်းခန့်နှင့် ညီမျှသည်ကို တွေ့ရကြောင်း၊ လိုအပ်ချက်အရ အကြောင်းအမျိုးမျိုးဖြင့် သစ်အသုံးချမှုများရှိသော်လည်း စိုက်ပျိုးသည့် သစ်ပင်များ တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်အောင် စိုက်ပျိုးပြုစုနိုင်ခဲ့မည်ဆိုပါက သစ်ပင်သစ်တောဆုံးရှုံးမှုကို အပြည့်အဝကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် သဘာဝတောများ ပျက်စီးပြုန်းတီးမှု မရှိစေရန်အတွက် သစ်တောများ စနစ်တကျ စီမံအုပ်ချုပ် လုပ်ကိုင်ခြင်း၊ ကာကွယ် ထိန်းသိမ်းခြင်းဖြင့် သစ်တောဖုံးလွှမ်းမှု တိုးပွားလာပြီး ရာသီဥတုပြောင်းလဲမှုကို လျှော့ချထိန်းညှိနိုင်မည်ဖြစ်ကြောင်း။

**ရှင်သန်ကြီးထွားမှုကောင်း**

ထို့ကြောင့် သစ်ပင်များ စိုက်ပျိုးရာတွင်လည်း တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှ အပင်ရှင်သန်ရန် အလွန်အရေးကြီးကြောင်း၊ ပျိုးသက် နှစ်နှစ်ရှိပြီး ပျိုးပင်အမြင့် နှစ်ပေနှင့်အထက် ကျန်းမာကြံ့ခိုင်သည့် ပျိုးပင်များကို စိုက်ပျိုးကြရန်လည်း ထပ်မံမှာကြားလိုကြောင်း၊ **"မြေဆီစိုနိုက် သစ်ပင်စိုက်"**ဆိုသည့် ဆိုရိုးနှင့်အညီ ယခုကဲ့သို့ မုတ်သုံမိုးရွာသွန်းချိန်သည် မြေဆီလွှာများ စိုစွတ်ပျော့ပျောင်းလာပြီး ရေဓာတ်ပြည့်ဝလာသည့်အတွက် အပင်ငယ်များလွယ်ကူစွာ အမြစ်တွယ်ပြီး ရှင်သန်ကြီးထွားရန် အကောင်းဆုံးနှင့် အသင့်တော်ဆုံးအချိန်ဖြစ်ကြောင်း၊ မုတ်သုံမိုးနှင့်အတူ သစ်ပင်များ အချိန်ကိုက် စိုက်ပျိုးသွားကြမည်ဆိုပါက အစိုဓာတ် လုံလုံလောက်လောက် ရရှိခြင်းကြောင့် ရှင်သန်ကြီးထွားမှုကောင်းပြီး ပူပြင်းခြောက်သွေ့သည့် နွေရာသီကို အောင်မြင်စွာ ဖြတ်ကျော်ရှင်သန်နိုင်မည် ဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းသည် ရေရှည်ဆောင်ရွက်ကြရမည့် လုပ်ငန်းများ ဖြစ်ခြင်းကြောင့် နှစ်စဉ် စဉ်ဆက်မပြတ် စိုက်ပျိုးပြုစုထိန်းသိမ်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အတူ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်သူများအားလုံး ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် တက်ကြွစွာ ပူးပေါင်းပါဝင်စေရေး စည်းရုံးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

သစ်တောများသည် ရာသီဥတုကိုမျှတစေပြီး သဘာဝအရင်းအမြစ်များစွာကို ထိန်းသိမ်းနိုင်ခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ်တစ်ခု ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးတည်ငြိမ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများကို **"အနာဂတ်အတွက် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှု"** အဖြစ် အလေးထားပြီး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝအခြေပြု စီးပွားရေးဖွံ့ဖြိုးမှုပုံစံများဖြစ်သည့် ဇီဝစီးပွားရေး (Bio Economy)၊ အစိမ်းရောင်စီးပွားရေး (Green Economy) နှင့် စက်ဝန်းပုံစီးပွားရေး (Circular Economy)လုပ်ငန်းများကို ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် သစ်တောထွက်ပစ္စည်းများကို အခြေခံသည့် သစ်အချောထည်၊ ပရိဘောဂလုပ်ငန်းများ၊ သစ်ပါးလွှာ၊ အထပ်သား၊ သစ်ကြိတ်သားနှင့် သစ်ခွဲသားထုတ်လုပ်မှု လုပ်ငန်းများ၊ ဝါးမှပျော့ဖတ်နှင့် စက္ကူထုတ်လုပ်မှုလုပ်ငန်းများ၊ အဆင့်မြင့်ချည်နှင့် ဝါးကြိတ်သားထုတ်လုပ်မှုလုပ်ငန်းများ၊ ဝါးအခြေခံပရိဘောဂနှင့် ထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်လာအောင် တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ထုတ်လုပ်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

သစ်တော သယံဇာတ ပေါကြွယ်ဝမှုနှင့် နိုင်ငံလူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေပြီး သစ်တောဖုံးလွှမ်းမှုတိုးပွားလာသည်နှင့်အမျှ ဂေဟစနစ် ဝန်ဆောင်မှုများသည်လည်း ပိုမိုကောင်းမွန်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ရည်မှန်းဖွဲ့စည်းလျက်ရှိရာတွင် ယနေ့အထိ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော စုစုပေါင်း ၁၃၃၇ ခု၊ နိုင်ငံဧရိယာ၏ ၂၆ ဒသမ ၁၁ ရာခိုင်နှုန်း တည်ထောင်နိုင်ခဲ့ပြီး သဘာဝထိန်းသိမ်းရေး နယ်မြေ ၆၂ ခု နိုင်ငံဧရိယာ၏ ၆ ဒသမ ၅၉ ရာခိုင်နှုန်း ဖွဲ့စည်းထားနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

နှစ်စဉ် သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်လျက်ရှိသကဲ့သို့ ယခုနှစ် မိုးရာသီတွင် နိုင်ငံအဝန်း သစ်တောစိုက်ခင်း ဧက သုံးသောင်းကျော်၊ သစ်ပင်ပေါင်း ၂၁ ဒသမ ၃၆ သန်း စိုက်ပျိုးတည်ထောင်သွားမည် ဖြစ်ကြောင်း၊ အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပူပိုင်းဒေသ ၁၃ ခရိုင်၊ မီးရထားလမ်းများ၊ အာဆီယံလမ်းမကြီးနှင့် ကားလမ်းဘေးဝဲ/ယာများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ အင်းလေးကန်တစ်ဝိုက် ဧရိယာများနှင့် ကမ်းရိုးတန်း ဒေသများတွင် သစ်ပင်များစိုက်ပျိုးခြင်းကို ဆက်စပ်ဌာနများ၊ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုသည့် မူဝါဒနှင့်အညီ ပတ်ဝန်းကျင်ဂေဟစနစ် တည်ငြိမ်ကောင်းမွန်စေရန်၊ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ရန်အတွက် သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ဦးချင်းကစပြီး ဒေသအသီးသီးနှင့် ဌာန၊ အဖွဲ့အစည်းများအားလုံးက သစ်ပင်စိုက်ပျိုးရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်သန်စေဖို့အတွက် ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြရန်၊ နိုင်ငံအဝန်း သစ်တောဖုံးလွှမ်းမှုများ တိုးပွားလာစေရေးအတွက် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟော်ဂနီပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးစဉ်။

**❑ သစ်တောသယံဇာတ ပေါကြွယ်ဝမှုနှင့် နိုင်ငံလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေပြီး သစ်တောဖုံးလွှမ်းမှု တိုးပွားလာသည်နှင့်အမျှ ဂေဟစနစ် ဝန်ဆောင်မှုများသည်လည်း ပိုမိုကောင်းမွန်လာမည်ဖြစ်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မဟော်ဂနီပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကထိက ဆရာ ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများက ပျိုးပင်များကို တစ်ပြိုင်တည်း တပျော်တပါး စိုက်ပျိုးကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ် - မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် - မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပန်းပွင့်သော သစ်မျိုးများဖြစ်ကြသည့် ကံ့ကော်၊ ခရေ၊ ပန်းမဲဇလီ၊ စိန်ပန်း၊ ပျဉ်းမ၊ ရတနာတန်းဝင် သစ်မျိုးများဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ မဟော်ဂနီနှင့် အမြဲစိမ်းသစ်မျိုးများဖြစ်သည့် ရင်းမာ၊ ဆီသပြေ၊ မအူ၊ မာလာလူးကား၊ ယမနေ၊ ရေတမာ စသည့် သစ်မျိုး ၁၆ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး သတ်မှတ်နေရာတွင် ပျိုးပင်စိုက်ပျိုးပေးစဉ်။

# မန္တလေးအမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သို့ ကျောက်ခုံတန်းရှည် နှစ်စုံလှူဒါန်း

**မန္တလေး ဇွန် ၁၃**

မန္တလေး-ပြင်ဦးလွင်အဝေးပြေး လမ်း၊ အုန်းချောရှိ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)သို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ နားနေနိုင်ရန် ကျောက်ခုံတန်းရှည် နှစ်စုံ လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက ပါမောက္ခချုပ်ရုံး ဧည့်ခန်းမတွင် ကျင်းပခဲ့သည်။



လှူဒါန်းပွဲသို့ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ် ဦးအောင်ဆန်းဦး၊ ဒုတိယပါမောက္ခချုပ် ဒေါ်အေးစန္ဒာအောင်၊ စာပေဌာနမှ ပါမောက္ခဌာနမှူး ဒေါ်စိန်စိန်မြင့်၊ စာကြည့်တိုက်မှူး ဒေါ်ကြည်ကြည်ခိုင်နှင့် အလှူရှင် စာရေးဆရာမ သင်းသင်း(မန္တလာ)၊ စာရေးဆရာမစု(စံဇစံ)တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ စာရေးဆရာမ သင်းသင်း(မန္တလာ)က လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောက်ခုံတန်းရှည် နှစ်စုံကို လှူဒါန်းရာ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝဇ၁)

*-*-*-*-*



# စစ်ကိုင်းခရိုင်အတွင်းရှိ တောင်သူများအား ဝါမျိုးစေ့နှင့် မတ်ပဲမျိုးစေ့များ ထောက်ပံ့ပေးအပ်

**စစ်ကိုင်း ဇွန် ၁၃**

စစ်ကိုင်းခရိုင်အတွင်းရှိ တောင်သူများအား အိန္ဒိယနိုင်ငံ အကူအညီဖြင့် Quick Impact Project(QIP)အစီအစဉ်ဖြင့် ဝါမျိုးစေ့နှင့် မတ်ပဲမျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းကို ဇွန် ၁၁ ရက် နံနက်ပိုင်းက ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက Quick Impact Project(QIP) အစီအစဉ်ဖြင့် ထောက်ပံ့ပေးအပ်မှုအစီအစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များသည် Quick Impact Project (QIP) အစီအစဉ်ဖြင့် ထောက်ပံ့ပေးအပ်သော ဝါမျိုးစေ့နှင့် မတ်ပဲမျိုးစေ့များအား စစ်ကိုင်းခရိုင်မှ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်များသို့ လွှဲပြောင်းပေးအပ်ပြီးနောက် တောင်သူများအား ဝါမျိုးစေ့နှင့် မတ်ပဲမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

နေလင်းအောင်(ပြန်/ဆက်)

# ရေးသူ၊ ဖတ်သူ စာဖတ်ဝိုင်း ဆွေးနွေးပွဲ ကျင်းပ



**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ဇွန် ၁၁ ရက် နံနက် ၁၀ နာရီခွဲက မန္တလေးခရိုင်အတွင်းရှိ မြို့နယ်စာရေးဆရာအသင်းအဖွဲ့များနှင့် စာပေချစ်မြတ်နိုးသူ Book Club အဖွဲ့ဝင်များ ပူးပေါင်း၍ ရေးသူ၊ ဖတ်သူစာဖတ်ဝိုင်း ဆွေးနွေးပွဲကျင်းပခဲ့သည်။

ယင်း စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ် စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဆရာမ သင်းသင်း(မန္တလာ)က ရေးသားထုတ်ဝေခဲ့သည့် စာအုပ်များအား မိတ်ဆက်ပြောကြားခဲ့သည်။

ယင်းနောက် စာဖတ်ဝိုင်းဆွေးနွေးပွဲ ဦးဆောင်ကျင်းပသူ စာရေးဆရာမစု(စံဇစံ)မှ စာဖတ်ဝိုင်း ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ဆက်လက်၍ စာဖတ်ဝိုင်း ဆွေးနွေးပွဲတွင် တက်ရောက်လာသည့် မြို့နယ်စာရေးဆရာအသင်းအဖွဲ့များ၊ စာပေချစ်မြတ်နိုးသူ Book Club အဖွဲ့ဝင်များက စာရေးဆရာမစု(စံဇစံ)က ရေးသားထုတ်ဝေခဲ့သည့် 'မန္တလေးရဲ့ ချစ်မြတ်နိုးသူများ' ဆုံစည်းရာ'ရသဝတ္ထုတိုစုစည်းမှု အမှတ်(၁)၊(၂)၊(၃)၊(၄) စာအုပ်အကြောင်းအရာများနှင့် ပတ်သက်၍ သိရှိလိုသည်များအား အသီးသီး မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

စင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)

# စာအုပ်၊စာစောင်များ ပုံမှန်ငှားရမ်းပေးလျက်ရှိ



**တောင်တွင်းကြီး ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ နေ့စဉ်စာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိရာ သုတ၊ ရသ စာစောင်များ၊ ရုပ်ပြစာစောင်များအား ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများကို အားလပ်ချိန်များတွင် အချိန်အား အကျိုးရှိရှိ အသုံးပြုတတ်စေရန်အတွက် စာကြည့်တိုက်တွင်း ဖတ်ရှုခြင်း (သို့မဟုတ်) စာအုပ်၊ စာစောင်များကို လာရောက်ငှားရမ်းဖတ်ရှုလျက်ရှိသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် နေ့စဉ် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်လူရွယ်များအား စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ အသိပညာဗဟုသုတကြွယ်ဝပြီး ဉာဏ်ရည်ဉာဏ်သွေးများ တိုးတက်လာစေရန်၊ စာပေဗဟုသုတကြွယ်ဝပြည့်စုံသော လူငယ်များဖြစ်စေရန်ရည်ရွယ်၍ နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးချိန်အတွင်း ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိရာ သုတ၊ ရသ၊ ရုပ်ပြစာစောင်များ၊ အသိပညာ ဗဟုသုတရရှိစေမည့် စာအုပ်၊စာစောင်များကို ရုံးအတွင်းဖတ်ရှုခြင်း၊ ငှားရမ်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

နှောင်နှောင်(မိသားနီးမြေ)



# ညောင်ရွှေ-ကြက်လျှာလမ်းအား အဆင့်မြှင့်တင်ပေးသွားမည်

**ကျောက်ဆည် ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်လမ်းများ ရာသီမရွေး သွားလာနိုင်ရေး စဉ်ဆက်မပြတ်ပြုပြင်ပေးလျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်-တံတားဦးကားလမ်းနှင့်ဆက်သွယ်ထားသော ညောင်ရွှေ-ကြက်လျှာကျေးရွာချင်းဆက် လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်သည်။

လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်းအရှည် နှစ်ဖာလုံအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများပြီးစီးပါက ဒေသတွင်း လမ်းအသုံးပြုသူများ၏ လယ်ယာထွက်ကုန်ပစ္စည်းများကို လွယ်ကူစွာသယ်ယူရောင်းချနိုင်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၄စ၅)

# ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်းခေါင်းစဉ်ဖြင့် လူငယ်စာဖတ်ဝိုင်း ကျင်းပ

**မိတ္ထီလာ ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်းခေါင်းစဉ်ဖြင့် လူငယ်စာဖတ်ဝိုင်းကို ဇွန် ၁၁ ရက် နံနက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

လူငယ်စာဖတ်ဝိုင်းတွင် မြို့နယ်စာရေးဆရာအသင်းမှ အဖွဲ့ဝင် စာရေးဆရာ ကိုသစ္စာ(ထီလာ)က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က စာဖတ်ဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စာဖတ်ဝိုင်းကို ကျင်းပရာ စာရေးဆရာဖေမြင့် ရေးသားသည့် ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း စာအုပ်အား ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးကြရာ စာရေးဆရာ မြင့်မားအောင်က ဆွေးနွေးမှုအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့သည်။ ထို့နောက် ကျောင်းသား၊ကျောင်းသူများက ခင်းကျင်းပြသထားသည့် သုတရသစာအုပ်များနှင့် နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့သည်။

အဆိုပါလူငယ်စာဖတ်ဝိုင်းကို မြို့နယ်အတွင်းရှိ အ·ထ·က(၁)၊ အ·ထ·က(၂)၊ အ·ထ·က(၅)နှင့် အ·ထ·က(ခွဲ) အောင်ဖေယျာတို့မှ ကျောင်းသား၊ကျောင်းသူများ ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)



# မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဇွန် ၁၃**

သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေးနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများက သစ်တောသစ်ပင်များ၏ တန်ဖိုးကို နားလည်မြတ်နိုးသည့် စိတ်ဓာတ်ဖြစ်ပေါ်လာ၍ သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်ဦးလွင်-နောင်လိုင်ကျေးရွာသွားလမ်းရှိ မေမြို့ထင်းကြိုးဝိုင်း၊ ပြင်ဦးလွင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းဧရိယာအတွင်း ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုများ အတူတကွ တက်ရောက်စိုက်ပျိုးကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း ပျိုးပင်ပေါင်း ၂၂ သိန်းကျော် စိုက်ပျိုးဖြန့်ဝေသွားမည်ဖြစ်ပြီး မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲ (၂၄)ကြိမ် ကျင်းပစိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ ယခုအခမ်းအနားမှာ မိုးရာသီအတွင်း ပထမအကြိမ်အနေဖြင့် ကျင်းပစိုက်ပျိုးခြင်းဖြစ်ပါကြောင်း၊ သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းစိုသာယာလှပစေပြီး အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပြင်ဦးလွင်မြို့၏ တန်ဖိုးမဖြတ်နိုင်သော အေးမြသည့်ရာသီဥတုကို နောင်သားစဉ်မြေးဆက်တိုင် အမွေပေးနိုင်ရန် ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင် ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌတို့က ဦးဆောင်၍ သတ်မှတ်နေရာတွင် မဟော်ဂနီအပင်အား စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်



ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် အမြင့်နှစ်ပေနှင့်အထက် မဟော်ဂနီသစ်မျိုး စုစုပေါင်း အပင်အရေအတွက် ၁၅၀၀ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း၊ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်း သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပခဲ့ရာ ပြင်ဦးလွင်မြို့နယ်တွင် မဟော်ဂနီသစ်မျိုး ၁၅၀၀ ပင်ကိုလည်းကောင်း၊ ညောင်ဦးမြို့နယ်တွင် သစ်မျိုးစုံ ၁၀၀၀ ပင်၊ ကျောက်ပန်းတောင်းမြို့နယ်တွင် သစ်မျိုးစုံ ၃၀၀ ပင်၊ ပျော်ဘွယ်မြို့နယ်တွင် သစ်မျိုးစုံ ၆၀၀ ပင်၊ သာစည်မြို့နယ်တွင် သစ်မျိုးစုံ ၃၀၀ ပင်၊ ကျောက်ဆည်မြို့နယ်တွင် သစ်မျိုးစုံ ၅၀၀ ပင်တို့ကိုလည်းကောင်း စုစုပေါင်း အပင်အရေအတွက် ၄၂၀၀ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





# မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း တိုင်းဒေသကြီး လူငယ်ကြက်ခြေနီဖိုရမ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၁၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ရှိ ရတနာပုံခန်းမဆောင်၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း တိုင်းဒေသကြီး လူငယ်ကြက်ခြေနီဖိုရမ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးလှကြွယ် တက်ရောက်ခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က လူငယ်ကြက်ခြေနီဖိုရမ် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး ICRC မန္တလေးရုံးမှ Head Of delegation Mr. Ross နှင့် IFRC မန္တလေးရုံးမှ Head Of delegation Dr. Soe Htet တို့က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ




ရိုက်ခဲ့ကြသည်။ **(အောက်ဝဲပုံ)**

အဆိုပါ တိုင်းဒေသကြီး လူငယ်ကြက်ခြေနီဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ ICRC မန္တလေးမှ Mr. Ross၊ IFRC မန္တလေးမှ Dr.Soe Htet၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာမြင့်မိုရ်စိုး၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေလင်းအောင်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကြက်ခြေနီလူငယ်မောင်မယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ချမ်းမြေ့မောင်(ချမ်း/စံ)**

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကျောက်ဆည် ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ခရိုင်သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသော ခရိုင်အဆင့် ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့ ဇော်ဂျီဂေါက်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများအား စိုက်ပျိုးမည့်သစ်ပင်များအား ပေးအပ်ခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင် ဦးဆောင်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးထွန်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဇော်ဂျီဂေါက်ကွင်းမှ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူ ၂၅၀ ဦးက ကျွန်း၊ ခရေ၊ မယ်ဇယ်၊ ကုက္ကို၊ စိန်ပန်း၊ တမာ၊ ရေတမာ၊ ငုရွှေဝါ၊ စွယ်တော် အစရှိသည့် သစ်မျိုး ကိုးမျိုး အပင်ပေါင်း ၅၀၀ အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၄၈၅)**



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေး







**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်မိုးသက်၊ စည်ပင်သာယာရေးဝန်ကြီး ဦးခင်မောင်အေးတို့နှင့် တာဝန်ရှိသူများလိုက်ပါပြီး ပြင်ဦးလွင်မြို့တွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ ယာဉ်အသုံးပြုသူများ၊ လမ်းအသုံးပြုသူများ များပြားလာရာ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောကျပ်တည်းမှုများမဖြစ်ပေါ်စေရေး၊ ဒေသထွက်ကုန်အခြေခံကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားရာတွင် အဓိကကျသည့်တောင်ပေါ် မြေပြန့်ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်စေရေးတို့တွင် များစွာအထောက်အကူပြုမည့် ခရိုင်၊ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းရာတွင် ပွဲကောက်ရေတံခွန်အနီး ဂဲလောင်ချောင်းကို ဖြတ်၍ တည်ဆောက်ထားသည့် မူလဘေလီတံတားအား အကျယ်ပေ ၂၄၊ အရှည်ပေ ၆၀ ခံနိုင်ဝန်(၂၀)တန် Steel plate girder တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားမည့် အခြေအနေ၊ ရပ်ကွက်ကြီး(၂၁)မိုးကြိုး၊ လေးအိမ်စုရွာ၊ တောင်ပြိုရွာတို့မှ ပြင်ဦးလွင်မြို့တွင်းသို့ အနီးဆုံးဆက်သွယ်နိုင်မည့် စုစုပေါင်းအရှည်ပေ ၅၃၀၀ ရှိ လမ်းကြောင်း(၁)နှင့် စုစုပေါင်းအရှည်ပေ ၄၁၀၀ ရှိ လမ်းကြောင်း(၂)တို့အား ဖောက်လုပ်နေမှု၊ အကျယ် ၂၄ ပေနှင့်အရှည်ပေ ၆၀ ၊ ခံနိုင်ဝန်(၁၃)တန်ရှိ Steel plate girder တံတားအသစ်နှစ်စင်း တည်ဆောက်နေမှု၊ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ခွဲ) အလက(၁)ရှေ့နှင့် ပြင်ဦးလွင်ဘူတာကြားရှိ အောင်ဇေယျလမ်းမအား ပေ ၁၅၀၀ အရှည်အထိ မူလ ၂၄ ပေအကျယ်အား ပေ ၅၀ အကျယ် လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြင်ဦးလွင်အနီးစခန်းလေဆိပ်အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မန္တလေး-ပြင်ဦးလွင်လမ်းပိုင်း အနီးစခန်းလေဆိပ်ရှေ့ မိုင်တိုင်အမှတ်(၃၄/၀)ဖာလုံမှ မိုင်တိုင်အမှတ်(၃၄/၃) ဖာလုံအထိ ယခင်ဒွေးလမ်းနေရာအား လေးလမ်း သွားလမ်းပေါင်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်နေမှု၊ မန္တလေး-ပြင်ဦးလွင် အဆင်းလမ်း မိုင်တိုင်အမှတ် (၂၃/၃)ဖာလုံမှ ဗဟိုမီးသတ်သင်တန်းကျောင်းအထိ လမ်းအရှည်သုံးမိုင်အား လမ်းအူကြောင်းပြေပြစ်စေရန် ပြန်လည်ပြင်ဆင်ခြင်းနှင့် ဗဟိုမီးသတ်သင်တန်းကျောင်း အဝင်လမ်းပေါ်ရှိ အရှည်ပေ ၈၀၊ အကျယ် ၂၄ ပေရှိ ယာယီဘေလီတံတား၊ အရှည်ပေ ၂၀၊ အကျယ် ၂၄ ပေနှင့် အရှည်ပေ ၃၀၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်တံတားများ တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




(မန္တလေးနေ့စဉ်)

## မိတ္ထီလာခရိုင်တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ

**မိတ္ထီလာ ဇွန်၁၃**

မိတ္ထီလာခရိုင်တွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှကြီးကြပ်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စီမံကျင်းပသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းက မိတ္ထီလာ၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်များတွင် ကျင်းပခဲ့သည်။

မိတ္ထီလာမြို့နယ်အတွင်း အဆိုပါမိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို အမြန်လမ်းမကြီးမိုင်တိုင်အမှတ်(၂၈၉/၄)တွင် ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦး၊ ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက တမာ၊ ဖျောက်ဆိပ်၊ ရင်းမာ၊ ကုက္ကို၊ ပဲချယ်ရီ၊ စစ်၊ မယ်ဇလီ၊ ဒဟတ်၊ သင်္ဘောကုက္ကို၊ သစ်ပိတောက်ဒေသသစ်မျိုး ၁၀ မျိုးတို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြပြီး အလားတူ ဝမ်းတွင်းမြို့နယ်အတွင်း အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၃၁၁/၃)အနီးနှင့် သာစည်မြို့နယ်အတွင်း ဘုရားငါးဆူကျေးရွာ(မ) သာစည်-တောင်ကြီးကားလမ်းမအနီးတို့တွင် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက မိုးရာသစ်ပင်စိုက်ပျိုးပွဲများ စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ခရိုင်အတွင်း သစ်ပင်စုစုပေါင်း ၄၀၆၀ ပင်အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(၄၅၃)

**မန္တလေး ဇွန်၁၃**

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်ရှိ အများပြည်သူများ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်စေရေးနှင့် ဌာနပိုင် ထရန်စဖော်မာများ လောင်ကျွမ်းမှုမဖြစ်ပေါ်စေရေးတို့အတွက် ရက်(၁၀၀)စီမံချက် အနေဖြင့် လမ်း ၆၀ နှင့် ၁၁၂ လမ်းထောင့်၊ လမ်း ၇၀ နှင့် ၁၁၀ လမ်းထောင့်တို့တွင် ၁၁/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးတပ်ဆင်ခဲ့ပြီး ယနေ့နံနက်ပိုင်းက

## မြရည်နန္ဒာရပ်ကွက်၌ ၁၁/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ အသစ်တစ်လုံး ထပ်မံတပ်ဆင်

၅၂ လမ်းနှင့် ၁၁၃ လမ်းထောင့်တွင် ၁၁/ ၀.၄ ကေဗွီ ၃၁၅ ကေဗွီအေထရန်စဖော်မာအသစ်တစ်လုံးထပ်မံတပ်ဆင်ခဲ့သည်။

အဆိုပါ ထရန်စဖော်မာ အသစ်တစ်လုံး ထပ်မံတပ်ဆင်ခြင်းအား မန္တလေးခရိုင် လျှပ်စစ်မန်နေဂျာ ဦးကျော်မျိုးအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြရည်နန္ဒာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ချမ်းမြသာစည်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။


**အလင်းသစ်**

**(ချမ်း/စည်/ပြန်ဆက်)**

၀-၀-၀-၀-၀

**ရေစီးရေလာကောင်းဖို့ရာ ရေနုတ်မြောင်းမှာ အမှိုက်ပစ်တာ ဆင်ခြင်ပါ။**

## ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် မိဖုရားကြီး မာဆာကို စတုတ္ထမြောက် တရားဝင် ပြည်ပခရီးစဉ် ထွက်ခွာ



**တိုကျို ဇွန် ၁၃**

ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် မိဖုရားကြီး မာဆာကိုတို့သည် နိုင်ငံတကာချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ရန် ရည်ရွယ်သည့် နန်းတက်လာပြီးနောက်ပိုင်း စတုတ္ထအကြိမ်မြောက် တရားဝင် ပြည်ပခရီးစဉ်အဖြစ် နယ်သာလန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့သို့ သွားရောက်ရန် ဇွန် ၁၃ ရက်တွင် ထွက်ခွာသွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နှစ်ပတ်ခန့်ကြာမြင့်မည့် ခရီးစဉ်အတွင်း ဧကရာဇ်နှင့် မိဖုရားကြီးတို့သည် အဆိုပါ ဥရောပနှစ်နိုင်ငံမှ တော်ဝင်မောင်နှံများက တည်ခင်းဧည့်ခံသည့် ကြိုဆိုပွဲ အခမ်းအနားများနှင့် တည်ခင်းဧည့်ခံပွဲများသို့ တက်ရောက်မည်ဖြစ်ပြီး ၄င်းတို့အတွက် ၁၃ နှစ်အတွင်း နယ်သာလန်နိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်ခြင်းနှင့် ၂၇ နှစ်အတွင်း ဘယ်လ်ဂျီယံနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်ခြင်း ဖြစ်သည်။

တိုကျိုမြို့တော်မှ ထွက်ခွာပြီးနောက် တော်ဝင်မောင်နှံသည် ဘုရင် ဝီလမ်အလက်ဇန္ဒားနှင့် မိဖုရားကြီး မက်ဆီမာတို့က အမ်စတာဒမ်မြို့တွင် တည်ခင်းဧည့်ခံသည့် အခမ်းအနားများသို့ တက်ရောက်မည်ဖြစ်ပြီး ၄င်းတို့သည် နယ်သာလန်ဝန်ကြီးချုပ် ရော့ဘ်ဂျက်တင်နှင့် တွေ့ဆုံရန်ရှိကာ သည်ဟိဂ်မြို့ရှိ လွှတ်တော်သို့လည်း သွားရောက်လေ့လာရန် စီစဉ်ထားကြောင်း သိရသည်။

**Mon**






## ဂြိုဟ်တုတစ်လုံးကို ပတ်လမ်းထဲသို့ မပို့ဆောင်ခဲ့သော်လည်း အဓိကဒုံးပျံကို ဂျပန်အာကာသအေဂျင်စီ လွှတ်တင်နိုင်ခဲ့

**တိုကျို ဇွန် ၁၃**

ဂျပန်အာကာသအေဂျင်စီသည် တည်နေရာပြဂြိုဟ်တုတစ်လုံးကို ပတ်လမ်းအတွင်းသို့ ပို့ဆောင်ရန် ယခင်က လုပ်ဆောင်ခဲ့သော မစ်ရှင်တစ်ခု ကျရှုံးခဲ့ပြီးနောက် လအနည်းငယ်အကြာ ဇွန် ၁၂ ရက်တွင် ၄င်းတို့၏ အဓိကဒုံးပျံကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံ၏ ဒုံးပျံလုပ်ငန်းကဏ္ဍတွင် နိုင်ငံတကာယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်အတွက် ထိုဒုံးပျံကို တီထွင်ခဲ့ခြင်းဖြစ်ပြီး ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီအနေဖြင့် ဒုံးပျံလွှတ်တင်မှု အောင်မြင်မှုနှုန်းကို မြှင့်တင်ရန် ရည်မှန်းထားစဉ် ယခုလွှတ်တင်မှုသည် တိုးတက်မှု၏ အရေးပါသော လက္ခဏာတစ်ရပ်ဖြစ်သည်။

အဆိုပါအေဂျင်စီသည် တစ်နှစ်လျှင် အိတ်ချ်သရီးဒုံးပျံလွှတ်တင်မှု ရှစ်ကြိမ်အထိ ပြုလုပ်ရန် ရည်မှန်းထားသော်လည်း ယင်းပမာဏမှာ ၂၀၂၅ ခုနှစ်တွင် ဖဲလ်ကွန်နိုင်း ပတ်လမ်းကြောင်းပျံသန်းမှု (၁၆၅) ကြိမ်ဖြင့် ကမ္ဘာလုံးဆိုင်ရာ ဂြိုဟ်တုလွှတ်တင်ရေးဈေးကွက်ကို စိုးမိုးထားသည့် ပုဂ္ဂလိကပိုင် စပေ့စ်အိတ်ခ်စ်ကုမ္ပဏီနှင့် ယှဉ်လျှင် များစွာနည်းပါးနေသေးပြီး အိတ်ချ်သရီးအတွက်မူ နှစ်ကြိမ်သာရှိသေးကြောင်း သိရသည်။

**Mon**

## ရှယ်ယာတန်ဖိုးများ ထိုးတက်သွားခဲ့ပြီးနောက် အီလွန်မတ်စ် ကမ္ဘာ့ပထမဆုံး ထရီလီယံနာ ဖြစ်လာ

**ဝါရှင်တန် ဇွန် ၁၃**

စပေ့စ်အိတ်ခ်စ်ဒုံးပျံကုမ္ပဏီသည် စတော့ရှယ်ယာဈေးကွက်တွင် အကြီးမားဆုံးသော ပထမဆုံးအကြိမ် ရှယ်ယာထုတ်ရောင်းချမှုအတွင်း တန်ဖိုးများထိုးတက်သွားခဲ့ပြီးနောက် အီလွန်မတ်စ်သည် ဇွန် ၁၂ ရက်တွင် ကမ္ဘာ့ပထမဆုံး ထရီလီယံနာဖြစ်လာခဲ့ကြောင်း သိရသည်။

ဘလွန်းဘတ်သူဌေးကြီးများစာရင်းအရ တက်စလာနှင့် စပေ့စ်အိတ်ခ်စ်ကုမ္ပဏီတို့၏ တည်ထောင်သူဖြစ်သူ မတ်စ်၏ စုစုပေါင်းအသားတင်ပိုင်ဆိုင်မှုသည် ဒေါ်လာ ၁ ဒသမ ၁၁ ထရီလီယံ (ဗြိတိန်ပေါင် ၈၂၈ ဘီလီယံ) ရှိနေပြီး ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်အဖြစ် ၄င်း၏အဆင့်အတန်းကို သက်သောင့်သက်သာဖြင့် ခိုင်မာအောင် ပြုလုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဒုံးပျံ၊ ဆက်သွယ်ရေးနှင့် ဉာဏ်ရည်တုကုမ္ပဏီသည် နက်စ်ဒက်ခ် စတော့ဈေးကွက်တွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံဖြင့် စာရင်းဝင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**





## ဖိလစ်ပိုင်နိုင်ငံ အယ်လ်ဘေးပြည်နယ်ရှိ မာယွန်မီးတောင် သတိပေးချက်အဆင့် (၃)တွင် ဆက်လက်ရှိနေသည်ဟု ဆို

**မနီလာ ဇွန် ၁၃**

ဖိလစ်ပိုင်နိုင်ငံ အယ်လ်ဘေးပြည်နယ်ရှိ မာယွန်မီးတောင်သည် လွန်ခဲ့သည့် ၂၄ နာရီအတွင်း မီးတောင်ငလျင်(၂၄)ကြိမ်နှင့် အခြားသော ငလျင်လှုပ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီးနောက် မငြိမ်မသက်မှုများ ပြင်းထန်လာခြင်းကို ပြသသည့် သတိပေးချက်အဆင့် (၃) တွင် ဆက်လက်ရှိနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မီးတောင်၏ ပတ်ဝန်းကျင် ခြောက်ကီလိုမီတာ ပတ်လည်အတွင်းရှိ အမြဲတမ်းအန္တရာယ်ရှိသော ဇုန်ထဲသို့ ဝင်ရောက်ခြင်းကို ဆက်လက်ပိတ်ပင်ထားကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒသုတေသနအဖွဲ့က ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ယင်းမီးတောင်အနီးတစ်ဝိုက်၌ လေကြောင်းပျံသန်းမှုများကိုလည်း သက်ဆိုင်ရာက ပိတ်ပင်ထားကြောင်း သိရသည်။

**Mon**

## တရုတ်ခရီးသွားလာရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ တိုးချဲ့မှုကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိ

**ပေကျင်း ဇွန် ၁၃**

တရုတ်နိုင်ငံ၏ ခရီးသွားလာရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ တိုးချဲ့မှုကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိနေပြီး ကမ္ဘာတစ်ဝန်းရှိ စဉ်ဆက်မပြတ် ခရီးသွားလုပ်ငန်းတိုးတက်မှု၏ ခိုင်မာသော စံနမူနာတစ်ခုအဖြစ် ရပ်တည်နေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လတ်တလော ထွက်ပေါ်လာသည့် လုပ်ငန်းဆိုင်ရာ အချက်အလက်များအရ လက်ရှိလားရာများအတိုင်း ဆက်လက်ရှိနေမည်ဆိုပါက လာမည့်နှစ်များတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ဦးဆောင်ဦးရွက်ပြု ခရီးသွားလာရေးနှင့် ခရီးသွားလုပ်ငန်း စီးပွားရေးအင်အားစုဖြစ်လာရန် သေချာသော လမ်းကြောင်းပေါ်တွင် ရှိနေသည်။

ထို့ပြင် ပေါင်းစပ်ညှိနှိုင်းထားသော မူဝါဒ၊ ဆန်းသစ်တီထွင်မှုနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ရေရှည်ရင်းနှီးမြှုပ်နှံမှုတို့က သက်ရောက်မှုကြီးမားသော ခရီးသွားလုပ်ငန်း အကြီးအကျယ်တိုးတက်မှုကို မည်သို့မြှင့်တင်ပေးနိုင်သည်ဆိုသည့် ဦးဆောင်စံနမူနာတစ်ခုလည်း ဖြစ်သည်။

ယမန်နှစ်က တရုတ်နိုင်ငံသည် နိုင်ငံတကာခရီးသွားဧည့်သည် ၆၈ သန်းကျော်ကို လက်ခံကြိုဆိုခဲ့ပြီး ယင်းမှာ ယခင်နှစ်ထက် ၁၅ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ကာ ကမ္ဘာလုံးဆိုင်ရာ တိုးတက်မှုနှုန်းဖြစ်သည့် ၅ ဒသမ ၄ ရာခိုင်နှုန်း၏ သုံးဆနီးပါးရှိခဲ့ကြောင်း သိရသည်။

**Mon**

STOP AIDS

## ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့်ပတ်သက်သော ဝေဖန်မှုများ ဖီဖာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂျီအာနီအင်ဖန်တီနိုက ပယ်ချ

**မက္ကဆီကိုစီးတီး ဇွန် ၁၃**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗီဇာပြဿနာများနှင့် မြင့်မားလှသော လက်မှတ်ဈေးနှုန်းများအပေါ် ဝေဖန်မှုများကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂျီအာနီအင်ဖန်တီနိုက ယမန်နေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပယ်ချလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အက်ဇ်တီကာ အားကစားကွင်းအဖြစ် အများစုက သိကြသည့် အက်စတာဒီယိုစီယူဒတ်ဒီမက္ကဆီကို အားကစားကွင်းတွင် ကျင်းပသည့် ကမ္ဘာ့ဖလားဖွင့်ပွဲ ပွဲစဉ်မတိုင်မီ မက္ကဆီကိုစီးတီးမြို့၌ ပြောကြားရာတွင် အင်ဖန်တီနိုက အမေရိကန်၊ မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အသင်း ၄၈ သင်းပါဝင်သော ခမ်းနားကြီးကျယ်သည့် ပြိုင်ပွဲကြီး၏ စီစဉ်မှုအပေါ် စိတ်အားထက်သန်စွာဖြင့် ကာကွယ်ပြောဆိုခဲ့သည်။



ကမ္ဘာ့ဖလားလက်မှတ်များ၏ မူးဝေချင်စရာကောင်းလှသော ကုန်ကျစရိတ်များကြောင့် အင်ဖန်တီနိုနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တို့သည် ပြင်းထန်သော ဝေဖန်မှုများနှင့် ရင်ဆိုင်နေရပြီး အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ လူဝင်မှုကြီးကြပ်ရေး တင်းကျပ်မှုများကြောင့် ထိပ်တန်းဒိုင်လူကြီးတစ်ဦး၊ အီရန်အသင်း တာဝန်ရှိသူများနှင့် ပရိသတ်အချို့ အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ငြင်းပယ်ခံခဲ့ရကြောင်း သိရသည်။

**Mon**

## အသိပညာပေးဟောပြော၊ စာအုပ်၊ စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

**ကျောက်ဆည် ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွင် ဇွန် ၉ ရက် မွန်းလွဲ ၁ နာရီက ခရိုင်လူထုအခြေပြု ဗဟိုဌာနရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပခဲ့သည်။



အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ၊ ငလျင်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များကို ဟောပြောခဲ့ပြီး ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက လေပြင်းအတွက် ကြိုတင်ပြင် ဆင်ရန်အချက်များ၊ လေပြင်းဖြစ်ပေါ်နေချိန်တွင် ပြုလုပ်ရန်အချက်များ၊ လေပြင်းဖြစ်ပေါ်ပြီးချိန်တွင် ပြင်ဆင်ရန်အချက်များ၊ လေပြင်းဘေးသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ လေပြင်းဖြစ်ပေါ်နေစဉ်အတွင်း လိုက်နာရန်အချက်များ၊ ရှောင်ရှားရမည့်အချက်များနှင့် လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များအား အသိပညာပေးဟောပြောခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်၊ စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာကြည့်ရှုခဲ့ကြောင်း သိရသည်။ (ဓါတ်ပုံ)

**စုစုအေး(ကျောက်ဆည်)**



## မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေးဆိုင်ရာ ဟောပြောပွဲနှင့် ပြပွဲကျင်းပ

**မြို့သစ် ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြိုအသိပညာပေးဟောပြောပွဲနှင့်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြေပြင်သာကျေးရွာအုပ်စု မြေပြင်သာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။ (အပေါ်ပုံ)

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်က မူးယစ်ဆေးဝါး၏ အဓိပ္ပာယ်၊ မူးယစ်ဆေးဝါး စတင်သုံးစွဲရသည့် အကြောင်းအရင်း၊ မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ရရှိမည့်စိတ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးမသုံးစွဲမိစေရန် ရှောင်ကြဉ်ရမည့်အချက်များကို ဟောပြောဆွေးနွေးကာ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များအား ပြသခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**ကျိုက်ထို ဇွန် ၁၃**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ မော်လမြိုင်မြို့နယ်၊ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်တို့၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၉ ရက် နံနက် ၁၁ နာရီခွဲတွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာနေ ဒေါ်မော်မော်အေး(၄၄)နှစ်၏ နေအိမ်၌ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားနေကြောင်း သတင်းအရ ဇင်းကျိုက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်အောက်ထပ်၌ နှစ်လုံးထီ၊ သုံးလုံး ထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဒေါ်မော်မော်အေးဆိုသူအား ဇင်းကျိုက်နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း။

အလားတူ မွန်းလွဲ ၁ နာရီတွင် ကျိုက်ထိုမြို့နယ်၊ ကြာဖြူကျေးရွာနေ မြင့်ဇော်ဦး(၄၁)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားနေကြောင်း သတင်းအရ ကျိုက်ထိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်အောက်ထပ်၌ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မြင့်ဇော်ဦးဆိုသူအား ကျိုက်ထိုမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း။

အလားတူ ညနေ ၄ နာရီ မိနစ် ၅၀တွင် မော်လမြိုင်မြို့နယ်၊ ညောင်ပင်ဆိပ် ကျေးရွာနေ ဒေါ်အေးအေးသင်း(၅၂)နှစ်ဆိုသူ၏နေအိမ်၌ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားနေကြောင်း သတင်းအရ စက်မှုဇုန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နှစ်လုံးထီ၊ သုံးလုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဒေါ်အေးအေးသင်းအား စက်မှုဇုန်နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်း ကောင်း။ (အောက်ဝဲပုံ)

အလားတူ မွန်းလွဲ ၂ နာရီ ၁၀မိနစ်တွင် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အုန်းနဲ့ပင်ကျေးရွာ၌ ကြက်တိုက်လောင်းကစားနေကြောင်း သတင်းအရ ညောင်ရွှေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာ၏ အရှေ့ဘက် ရွာအထွက်လမ်းဘေး၌ ထပ်အိမ်ဂူကျေးရွာနေ ဝင်းဦး(၅၇)နှစ်၊ အုန်းနဲ့ပင်ကျေးရွာနေ မိုးကောင်းအေး(၃၅)နှစ်နှင့် ကျောက်ရေအိုးကျေးရွာနေ စိုးသန်းမင်း(ခ)မင်းမင်း(၄၄)နှစ်ဆိုသူတို့အား ကြက်တိုက်လောင်းကစားရာတွင် အသုံးပြုသည့် တိုက်ကြက်ဖ နှစ်ကောင်၊ ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဝင်းဦး၊ မိုးကောင်းအေးနှင့် စိုးသန်းမင်း(ခ)မင်းမင်းဆိုသူတို့ သုံးဦးအား ညောင်ရွှေမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**




### အမြန်နှုန်း သတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာ ထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာ ထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသော နေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။


## လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် ဖမ်းဆီးရမိ

**တောင်ငူ ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်နှင့် ပြည်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၉ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ်(၁၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(တောင်ငူ)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အမှတ်(၂၃)ရပ်ကွက်၊ တောင်ငူ-သံတောင်ကားလမ်း၊ စစ်တောင်းမြစ်အရှေ့ဘက်၌ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် သံတောင်မြို့မှ တောင်ငူမြို့ဘက်သို့ သံတောင်ကြီးမြို့နယ်၊ ၄က်ပျောတော အောက်ရွာနေ စောကျန်နေထွန်း(၅၅)နှစ် ဆိုသူ မောင်းနှင်လာသော MAZDA BONGO အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာပြောဆိုပြသနိုင်ခြင်း မရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ် ဖြစ်ကြောင်းသိရသဖြင့် စောကျန်နေထွန်းဆိုသူအား တောင်ငူမြို့ အမှတ်(၃)နယ်မြေ ရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၁ နာရီတွင် ဝက်ထီးကန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်မြို့နယ်၊ ကန်ဖျားကွက်သစ်လမ်းထိပ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဝက်ထီးကန်ကျေးရွာမှ ဆီဆုံကုန်းလေးကျေးရွာဘက်သို့ ဆီဆုံကုန်းလေးကျေးရွာနေ ကျော်မျိုးထွန်း(ခ)ကျော်မိုးထွန်း(၃၈)နှစ်ဆိုသူ မောင်းနှင်လာသည့် YUNDE SMASH အမျိုးအစား ဆိုင်ကယ်အား စစ်ဆေးခဲ့ရာ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ဖြစ်ကြောင်း သိရှိရသဖြင့် ကျော်မျိုးထွန်း(ခ)ကျော်မိုးထွန်းဆိုသူအား ဝက်ထီးကန်နယ်မြေရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*



❁ စာမျက်နှာ ၂၄ မှ

အဆိုပါပစ္စည်းများကို ပြည်နယ်အတွင်းရှိ တောင်သူများအား ဖြန့်ဖြူးပေးနိုင်ရေး ယူရီးယားဓာတ်မြေဩဇာအိတ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးသိပ္ပံ(မြစ်ကြီးနားမြို့) ကျောင်းဝင်းအတွင်းရှိ ဂိုဒေါင်သို့လည်းကောင်း၊ အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူအိတ်များကို ပြည်နယ်အားကစားကွင်းအတွင်း မိုးလုံလေလုံ အားကစားခန်းမသို့လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန၏ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် ဗလာစာအုပ်များကို ခရိုင်ပညာရေးမှူးရုံးသို့လည်းကောင်း တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ကူညီသယ်ဆောင်ပေးနေမှုများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးကာ ကူညီဆောင်ရွက်ပေးသူများအတွက် ချိုးမြှင့်ငွေများကို ပေးအပ်သည်။



ထို့အတူ အဆိုပါယာဉ်တန်းတွင် ပါဝင်လာခဲ့သည့် တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေထားသော တိုင်းရင်းသားဘာသာပုံပြ၊ ပုံပြင်စာအုပ်ထုပ်များကိုလည်း မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနသို့ ပို့ဆောင်ပေးခဲ့ရာ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက စစ်ဆေးလက်ခံပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## အမြင့်ဆုံး နေ့အပူချိန်များ (၁၃-၆-၂၀၂၆)

| | | |
|---|---|---|
| တံတားဦး | ၃၆ ဒသမ ဝ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေးမြို့ | ၃၅ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာမြို့ | ၃၅ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံမြို့ | ၃၅ ဒသမ ဝ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါမြို့ | ၃၅ ဒသမ ဝ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်းမြို့ | ၃၄ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦးမြို့ | ၃၄ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မိုးကောင်းမြို့ | ၃၄ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |

**စာအုပ်စာပေ လူ့မိတ်ဆွေ။**

❖ စာမျက်နှာ ၂၄ မှ

ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ် စစ်ဆေးခြင်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုလွယ်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၃၇ ဦး စုစုပေါင်း ၈၈ ဦးတို့အား ဖုန်းမျိုးစုံအလုံး ၁၈၀၊ All In One ကွန်ပျူတာ ၄၄ လုံး၊ Power Station (အသေး)နှစ်လုံး၊ Crown ကားတစ်စီး၊ Alphard ကားတစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးပူးပေါင်းအဖွဲ့များသည် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်း လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ကောင်းမှုတုံ ရပ်ကွက်အတွင်းရှိနေအိမ်တစ်လုံးမှ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသားငါးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ခြောက်ဦးအား ဖုန်းမျိုးစုံ ၁၀၃ လုံး၊ Laptop မျိုးစုံ ခြောက်လုံး၊ All In One ကွန်ပျူတာ နှစ်လုံး၊ Wifi စက်လေးလုံး၊ CPU နှစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။



မူဆယ်မြို့ ကောင်းမှုလွယ်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၃၇ ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။




မူဆယ်မြို့ ကောင်းမှုလွယ်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦးကို ဖမ်းဆီးရမိစဉ်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်





မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သည့် နေအိမ်နှင့် လုပ်ငန်းနေရာကို တွေ့ရစဉ်။

❊ စာမျက်နှာ ၂၄ မှ

ထိုသို့ လုပ်ငန်းများဆောင်ရွက်နေစဉ် မန်းဓာတ်အားပေးစက်ရုံမှ ၃၃ ကေဗွီနှင့် ၁၁ ကေဗွီ၊ ဓာတ်အားလိုင်းများဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားသော ပွင့်ဖြူမြို့၊ စလင်းမြို့၊ မင်းဘူးမြို့၊ မလွန်မြို့၊ မင်းလှမြို့၊ စကုမြို့၊ ငဖဲမြို့၊ ဆင်းဝေါင်းကျေးရွာများ၊ ထောက်ရှာပင်ရေနံမြေနှင့် မင်းဘူးဓာတ်ငွေ့ရည်စက်ရုံတို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ စက်ရုံ၊ အလုပ်ရုံများနှင့် ဓာတ်အားသုံးစွဲသူ အများပြည်သူများကို ကြိုတင်အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ၂၃၀ ကေဗွီ ကနောင်ပင်မဓာတ်အားခွဲရုံရှိ ၃၃ ကေဗွီ ခနောင်တိုဓာတ်အားလိုင်း နှင့် ၃၃ ကေဗွီ မြို့ရုံး(၁) ဓာတ်အားလိုင်းတို့၏ ဆက်စပ် Switchbay (ဆွဒ်ဘေး)များ ကြံ့ခိုင်ကောင်းမွန်စေရန်နှင့် မလိုလားအပ်သော ဓာတ်အားပြတ်တောက်မှုများ မဖြစ်ပေါ်စေရန်အတွက် ဆွဒ်ဘေးထိန်းသိမ်းပြုပြင်ခြင်းနှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများတစ်လျှောက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်-

| စဉ် | ဓာတ်အားလိုင်းအမည် | ရက်စွဲ/ အချိန် | ဓာတ်အားပြတ်ဧရိယာ |
|---|---|---|---|
| ၁။ | ၃၃ ကေဗွီ ခနောင်တို | ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၅) ရက်နေ့ (၁၀:၀၀) နာရီမှ (၁၃:၀၀) နာရီအထိ | ဆိပ်ကြီးခနောင်တိုမြို့နယ်၊ အေးရွာနှင့် ဒလမြို့နယ်တို့ရှိ ရပ်ကွက်နှင့် ကျေးရွာများ |
| ၂။ | ၃၃ ကေဗွီ မြို့ရုံး (၁) | ၂၀၂၆ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့ (၁၀:၀၀) နာရီမှ (၁၃:၀၀) နာရီအထိ | စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)၊ ညောင်ရွာနှင့် ဒိုင်စုစသည့် ရပ်ကွက်များ |

ထို့အတွက် ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှ တစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

■ စာမျက်နှာ ၂၄ မှ

ပလက်ဖောင်းနှင့် လမ်းကာတုံးပြုပြင်ခြင်းလုပ်ငန်းကို မေ ၅ ရက်မှ စတင်ဆောင်ရွက် လျက်ရှိရာ ကျောက်ပျက်ဖြည့်ခြင်း၊ သဲဖြည့်ခြင်း ပလက်ဖောင်းကွန် ကရစ် လောင်းခြင်းလောင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အမရပူရမြို့နယ် တောင်သမန်အနောက်ဘက် ကန်ပတ်လမ်း (အနောက်ဘက်ခြမ်း) ဇွန်ပန်းလမ်းနှင့် နဂါးရုံလမ်းကြား ကျောက်ရိုးစီခြင်းလုပ်ငန်းကို မေ ၇ ရက်မှစတင်၍ ကျောက်ရိုးစီခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများကို သတ်မှတ်ထားသည့် အကျယ်ပေအတိုင်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ စံချိန်စံညွှန်းမီဆောင်ရွက်ရေး၊ အချိန်မီပြီးစီးရေးတို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာန ဌာနမှူး ဦးစိုးနှင်းသိန်းနှင့် ဒုတိယဌာနမှူး ဒေါ်သွယ်နှင်းအောင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနက မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ ဖောက်လုပ်ခြင်း၊ မြို့တော်သာယာလှပဖွံ့ဖြိုးရေးအတွက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ရက်(၁၀၀)စီမံချက်ဖြင့် ဦးစား




## 2026 Boss Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Alexander Bublik တက်ရောက်



**စတုဂတ် ဇွန် ၁၃**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Boss Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ကာဇက်စတန်တင်းနစ်ကစားသမား Alexander Bublik တက်ရောက်ခဲ့သည်။

အဆိုပါ ကာဇက်စတန်တင်းနစ်ကစားသမား Alexander Bublik သည် 2026 Boss Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Giovanni Mpetshi Perricard ကို ၇-၆၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Boss Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ကာဇက်စတန် တင်းနစ်ကစားသမား Alexander Bublik နှင့် အမေရိကန်တင်းနစ်ကစားသမား Taylor Fritz တို့ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

(ဝဲပုံ)

(NGB)

*-*-*-*-*-*-*

## မာမာဒူဆန်ဂါရီကို ခေါ်ယူရန် မန်ယူအသင်း စိစစ်



**လန်ဒန် ဇွန် ၁၃**

မန်ယူအသင်းသည် လန်းစ်အသင်း ကွင်းလယ်ကစားသမား မာမာဒူဆန်ဂါရီကို ခေါ်ယူရန် စိစစ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လန်းစ်အသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၃ပွဲကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် စိစစ်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား မာမာဒူဆန်ဂါရီကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် မန်ယူအသင်း အနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် လန်းစ်အသင်းမှ မာမာဒူဆန်ဂါရီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## အန်ဒို ဂျပန်လက်ရွေးစင်ကစားသမားဘဝမှ အနားယူ

**လန်ဒန် ဇွန် ၁၃**

ဂျပန်လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား အန်ဒို ခြေထောက်ဒဏ်ရာသက်သာခြင်းမရှိသောကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားလူစာရင်းမှ နုတ်ထွက်ခဲ့ရပြီးနောက် လက်ရွေးစင်ကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြု ကြေညာခဲ့သည်။



အဆိုပါ ကွင်းလယ်ကစားသမားသည် ၂၀၁၅ခုနှစ်မှ စတင်၍ ဂျပန်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခြင်းခံခဲ့ရပြီး ပြိုင်ပွဲ ၇၃ ပွဲ ကစားကာ လေးဂိုးသွင်းယူထားသည်။

အသက်(၃၃)နှစ်အရွယ်ရှိ အန်ဒိုက "ကျွန်တော် လက်ရွေးစင်ကစားသမားဘဝမှ အနားယူပါပြီ။ ၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲကို ဂျပန်အသင်း ပရိသတ်အဖြစ် အားပေးသွားမှာပါ"ဟု ပြောသည်။ (ဝဲပုံ) (NGB)

## အန်ဒရီဆေးလ်ဗားကို ပေါ်တိုအသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၁၃**

ပေါ်တိုအသင်းသည် အယ်လ်ချီအသင်း တိုက်စစ်မှူး အန်ဒရီဆေးလ်ဗားကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပေါ်တိုအသင်းနှင့်အတူ တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး အန်ဒရီဆေးလ်ဗားသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် အယ်လ်ချီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၂ပွဲကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပေါ်တိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



အသက်(၃၀)နှစ်အရွယ်ရှိ အန်ဒရီဆေးလ်ဗားက "ကျွန်တော် ပေါ်တိုအသင်းကို ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားမှာပါ"ဟု ပြောသည်။

(အောက်ဝဲပုံ) (NGB)



## ဘော့စနီးယားအသင်းနှင့် ကနေဒါအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျ

**လန်ဒန် ဇွန် ၁၃**

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (B)ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဘော့စနီးယားအသင်းနှင့် ကနေဒါအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ဘော့စနီးယားအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၂၁မိနစ်တွင် လူကစ်က သွင်းယူပေးခဲ့ပြီး ကနေဒါအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် လာရင်စ်က သွင်းယူပေးခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (B)ဒုတိယပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၉ရက်တွင် ဘော့စနီးယားအသင်းက ဆွစ်ဇာလန်အသင်းနှင့်လည်းကောင်း၊ ကနေဒါအသင်းက ကာတာအသင်းနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

o-o-o-o-o-o

o-o-o-o-o

## ရှာဘင်အမိုရင်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် အေစီမီလန်အသင်း ဆွေးနွေး

**မီလန် ဇွန် ၁၃**

အေစီမီလန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ရှာဘင်အမိုရင်ကို ခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၄၁)နှစ်အရွယ်ရှိ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် စပို့တင်းလစ္စဘွန်း၊ ဘရာဂါ၊ မန်ယူ စသည့် ကလပ်အသင်းများကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် အေစီမီလန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေးလာခြင်းဖြစ်သည်။



နည်းပြ ရှာဘင်အမိုရင်ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် အေစီမီလန်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် နည်းပြ ရှာဘင်အမိုရင်ကို အေစီမီလန်အသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## မာတင်ဖန်ဂါကို ဟော်ဖန်ဟိမ်းအမျိုးသမီးအသင်း ခေါ်ယူ

**မြူးနစ် ဇွန် ၁၃**

ဟော်ဖန်ဟိမ်း အမျိုးသမီးအသင်းသည် ဘာစီလိုနာအမျိုးသမီးအသင်း၏ တိုက်စစ်မှူး မာတင်ဖန်ဂါကို ခေါ်ယူနိုင်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ် အရွယ်ရှိ တိုက်စစ်မှူးသည် ဟော်ဖန်ဟိမ်းအမျိုးသမီးအသင်းနှင့်အတူ ၂၀၂၈ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။




တိုက်စစ်မှူး မာတင်ဖန်ဂါသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီမှ စတင်၍ ဘာစီလိုနာအမျိုးသမီးအသင်းတွင် ပါဝင်ကစားခွင့်ရခဲ့ပြီး ပြိုင်ပွဲ ကိုးပွဲတွင် သုံးဂိုးသွင်းယူထားသလို အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရမှုကြောင့် ဟော်ဖန်ဟိမ်းအမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ဟော်ဖန်ဟိမ်းအမျိုးသမီးအသင်း၏ ထုတ်ပြန်ချက်တွင် "မာတင်ဖန်ဂါကို ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း ဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ)

(NGB)

## ဖာဘီယိုချီရာရိဒီယာ မိုချန်ဂလာဘတ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မြူးနစ် ဇွန် ၁၃**

ဘွန်ဒက်လီဂါကလပ် မိုချန်ဂလာဘတ်အသင်းသည် အသင်းနောက်ခံကစားသမား ဖာဘီယိုချီရာရိဒီယာကို ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် မိုချန်ဂလာဘတ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၃ ပွဲ ကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက် (၂၁)နှစ် အရွယ်ရှိ ဖာဘီယိုချီရာရိဒီယာက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ဒီအသင်းနဲ့အတူ လာမယ့် ဘောလုံးရာသီမှာ ရလဒ်ကောင်းတွေ ရယူနိုင်ဖို့ ကြိုးတင်ပြင်ဆင်မှုတွေ ပြုလုပ်သွားမှာပါ"ဟု ပြောသည်။

(ယာပုံ)

(NGB)



*-*-*-*-*-*-*

### ၂၀၂၆ ကမ္ဘာ့ဖလား(အုပ်စုပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၁၄-၆-၂၀၂၆ ညသ၁၁း၃၀နာရီ | E | ဂျာမနီ - ကူရာကာအို |
| ၁၅-၆-၂၀၂၆ နံနက်၀၂း၃၀နာရီ | F | နယ်သာလန် - ဂျပန် |
| ၁၅-၆-၂၀၂၆ နံနက်၀၅း၃၀နာရီ | E | အိုင်ဗရီကို့စ် - အီကွေဒေါ် |
| ၁၅-၆-၂၀၂၆ နံနက်၀၈း၃၀နာရီ | F | ဆွီဒင် - တူနီးရှား |

## ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၁၃**

မဟာအောင်မြေခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလားဖိတ်ခေါ် အသက် ၂၂ နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံ အားကစားရုံ၌ ဇွန် ၁၁ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

အစီအစဉ်အရ ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမရပူရအသင်းနှင့် ပြည်ကြီးတံခွန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြည်ကြီးတံခွန်အသင်းက အနိုင်ရရှိကာ ပထမဆုဆွတ်ခူးခဲ့သည်။ ဆက်လက်ပြီး အသက် ၂၂နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပဆောင်ရွက်ခဲ့ရာ နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ အမရပူရအသင်း၊ ဒုတိယ ချမ်းမြသာစည်အသင်းနှင့် တတိယ ချမ်းအေးသာစံအသင်း၊ သုံးယောက်တွဲပြိုင်ပွဲတွင် ပထမ ပြည်ကြီးတံခွန်အသင်း၊ ဒုတိယ အမရပူရအသင်းနှင့် တတိယ အောင်မြေသာစံအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များ၊ အသင်းလိုက်ဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဖလားများ ပေးအပ်ချီးမြှင့်ခဲ့သည်။



အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၉ ရက်မှ ဇွန် ၁၁ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းစုစုပေါင်း ခုနစ်သင်းမှ နှစ်ယောက်တွဲပြိုင်ပွဲများနှင့် သုံးယောက်တွဲပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ဆုချီးမြှင့်ပွဲသို့ မဟာအောင်မြေခရိုင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ပိုက်ကျော်ခြင်းဆပ်ကော်မတီဝင်များ၊အသင်းအုပ်ချုပ်သူနည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ချမ်းမြေ့မောင်(ချမ်းစံ/ပြန်ဆက်)**

## ကျန်းမာသော လူနေမှုဘဝပုံစံများ ရရှိလာစေရန် ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်



**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး(ကျန်းမာပညာ)ဒေါ်ပွင့်ဦးအိမ်နှင့် အောင်မြေသာစံ ဒေသန္တရ ကျန်းမာရေးဌာန(ခွဲ)မှ အခြေခံကျန်းမာရေးဝန်ထမ်းငါးဦးတို့ ပူးပေါင်း၍ ဇွန် ၁၁ ရက် နံနက်ပိုင်းက မင်းတဲအီကင်းရပ်ကွက်၊ နှင်းဆီအိမ်ရာ၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း၊ လိုအပ်သော ကျန်းမာရေးပြုစုစောင့်ရှောက်မှုများပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးက ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုပုံစံများအကြောင်းနှင့် သန့်လေးသန့်အကြောင်း၊ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ဝင်းဝင်းမော်နှင့် ဒေါ်နော်နော်ထိုက်တို့က ကာကွယ်ဆေးများအကြောင်း၊ ယင်လုံအိမ်သာ ရာနှုန်းပြည့်ရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းတို့ကို အကျယ်တဝင့် ဟောပြောကြသည်။

ဆက်လက်၍ ကျန်းမာရေးအသိပညာမြှင့်တင်ရေး ဟောပြောပွဲသို့တက်ရောက်လာသော ရပ်ကွက်နေပြည်သူ ၁၅၀ ဦးတို့အား ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခဲ့ပြီး လာရောက်ပြသသည့်လူနာများအား ဆေးကုသမှုပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၉၃)

## နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Card များ နေ့ချင်းပြီး ဆောင်ရွက်ပေး

**မြင်းခြံ ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ ရက်(၁၀၀) လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Card များကို ဇွန် ၁၁ ရက် နံနက်ပိုင်းက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

မြင်းခြံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမြင့်သူ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းလင်းတို့က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမော်နှင့် ဝန်ထမ်းများက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Card များ ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ရက်(၁၀၀)လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Card များ နေ့ချင်းပြီး ဆောင်ရွက်ပေးပြီးသည့် ကျောင်းသား၊ ကျောင်းသူများအား လက်ဝယ်အရောက် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

(၃၆၆)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မန္တလေး ဇွန် ၁၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ ပြည်သူများနှင့် မော်တော်ယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရန်အတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇွန် ၁၁ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် လမ်းဆုံလမ်းခွများနှင့် လူစည်ကားရာနေရာများတွင် ဆောင်ရွက်ခဲ့သည်။ **(အပေါ်ယာပုံ)**



အဆိုပါ "လက်ယာဘက်အစွန်ဆုံးယာဉ်ကြောကို ကပ်လို့ သုံးဘီးတပ်ယာဉ်နှင့် မော်တော်ဆိုင်ကယ်မောင်းနှင်စို့" လက်ကမ်းစာစောင်များနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပါပုဒ်မများ၊ မော်တော်ဆိုင်ကယ် စီးနင်းသူများ လိုက်နာရန်စည်းကမ်းများ၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့သည့် နှစ်အလိုက် ယာဉ်တိုက်မှု နှိုင်းယှဉ်ချက်ဇယား၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်ပါက တိုင်ကြားနိုင်သည့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ ယာဉ်မတော်တဆမှု ဖြစ်ပွားသည်ကို တွေ့ရှိပါက မန္တလေး(၆)မြို့နယ်အတွင်း ဆက်သွယ်အကူအညီတောင်းခံနိုင်သည့် ဖုန်းနံပါတ်များကို ထည့်သွင်းဖော်ပြထားသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၉၀)မှ ရဲအုပ်ကောင်းဇော်မိုးနှင့်အဖွဲ့ ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက လမ်းအသုံးပြုသူ ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၀၅၆)

## မတ္တရာမြို့ အခြေခံပညာအလယ်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မတ္တရာ ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ ပူးပေါင်း၍ ယနေ့ နံနက် ၇နာရီက အမှတ်(၄)ရပ်ကွက်ရှိ အ.လ.က (သရက်တန်း)တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ပြည်သူများ၊ တပ်မတော်သားများ ပူးပေါင်း၍ အမှိုက်များ၊ ချုံနွယ်များ၊ ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ဝဲပုံ) **ရွှေရာသား**



## ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်

**မန္တလေး ဇွန် ၁၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ဥပဒေအရာရှိ ဦးလှိုင်ထက်ကျော်၏ ကြီးကြပ်မှုဖြင့် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းနှင့် ဆွေးနွေးခြင်းများကို မြို့နယ်ဥပဒေရုံး (ရှေ့ပြေးဥပဒေရုံး)၌ ဇွန် ၁၁ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

"ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေများပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းများ အောင်မြင်စေရေးအတွက် ပြည်သူများ၏ ယုံကြည်



အားထားမှုကို ရရှိစေရန် ဥပဒေအရာရှိ ကျင့်ဝတ်လိုက်နာစေရေး အစီအစဉ်အား အရေးကြီးသည့် လုပ်ငန်းတစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဥပဒေရေးရာဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း" မြို့နယ်ဥပဒေအရာရှိထံမှ သိရသည်။

(ဝဲပုံ)

**ချမ်းမြေ့မောင်(ချမ်းစံ/ပြန်ဆက်)**



## လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ(မွမ်းမံ) သင်တန်းဖွင့်

**မကွေး ဇွန် ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာ(မွမ်းမံ)သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးရုံး သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဆန်းညွန့်အောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က ဝင်ငွေတိုးစီမံကိန်းဖြင့် ဆောင်ရွက်မည့် သင်တန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားခဲ့ကာ လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ အဆိုပါ သင်တန်းကို သင်တန်းနည်းပြ နှစ်ဦးဖြင့် သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးအား ဇွန် ၈ ရက်မှ စတင်၍ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ထူးချွန်သင်တန်းသားငါးဦးအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ မန္တလေးကန်တော်ကြီး ရေအရည်အသွေး တိုင်းတာစစ်ဆေး

**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ကန်များ၏ ရေအရည်အသွေး လေ့လာစောင့်ကြည့် တိုင်းတာစစ်ဆေးခြင်းများကို မြန်မာနိုင်ငံအတွက် အမျိုးသားအဆင့် ရေအရည်အသွေး စံချိန်စံညွှန်းထုတ်ပြန်ရာတွင် အထောက်အကူပြုနိုင်စေရန်နှင့် စစ်ဆေးတွေ့ရှိချက်ရလဒ်များကို သုံးသပ်ပြီး ရေအရည်အသွေးပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်သွားနိုင်စေရန် ရည်ရွယ်ချက်ဖြင့် မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ ဇွန် ၁၀ ရက်တွင် မန္တလေးကန်တော်ကြီး၌ Temperature PH, EC, NTU, TDS, DO, ORP နှင့် Salinity စသည့် Para-meter ရှစ်မျိုးအား Horiba U-53 G Water Quality Mo-nitoring စက်ဖြင့် ရေအရည်အသွေးတိုင်းတာစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

ထိုသို့ စစ်ဆေးရာတွင် မန္တလေးကန်တော်ကြီး ရေအရည်အသွေးသည် သတ်မှတ်စံချိန်စံညွှန်းအတိုင်းရှိကြောင်း သိရသည်။ **(၀၄၅)**



## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**ဟိုပုံး ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီ သစ်ပင်စိုက်ပျိုးရေး၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်လှိုင်ဆွေက မိုးရာသီ သစ်ပင်စိုက်ပျိုးရေး၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်



တောဥပဒေ၊ နည်းဥပဒေများနှင့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်သည့် လုပ်ငန်းစဉ်များနှင့် ရည်ရွယ်ချက်များကို အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲသို့ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၃၆၈)**

## အသိပညာပေးဟောပြောပွဲနှင့် ပြပွဲကျင်းပ

**မြို့သစ် ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ ကလေးအလုပ်သမားနှင့် ပတ်သက်၍ အသိပညာဗဟုသုတများ ရရှိစေရေးအတွက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်က ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်သည့် ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် ကလေးအလုပ်သမားပပျောက်ရေးအတွက် အသိပညာအကြောင်းအရာများကို ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများကို ပြသခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

## ယာဉ်မောင်းသူများ သိရှိလိုက်နာရန် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**တောင်တွင်းကြီး ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် တောင်တွင်းကြီးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုအရာခံဗိုလ် စိုးပိုင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များသည် Quick Win အစီအမံ (၅)ရပ်အား ယာဉ်မောင်းသူများ သိရှိလိုက်နာရန် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇွန် ၁၁ ရက် နံနက်ပိုင်းက မြို့ဝင်၊ ထွက် ဂိတ်များ၊ မြို့နယ်လမ်းဆုံနှင့် တောင်တွင်း-ပြည်လမ်း၊ တောင်တွင်း-မကွေးလမ်း၊ တောင်တွင်း-နတ်မောက်လမ်းများတွင် နေ့စဉ် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါအသိပညာပေး ကွင်းဆင်းဆောင်ရွက်ရာတွင် မော်တော်ဆိုင်ကယ်စီးနင်းသူများ အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်အသုံးပြုရန်၊ မော်တော်ယာဉ် မောင်းနှင်နေစဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်း မပြုရန်၊ အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရန်၊ မော်တော်ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်မှုမရှိခြင်း၊ မော်တော်ယာဉ် မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်းမပြုရန်နှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း အသိပညာပေး ဆွေးနွေးပြောကြားခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**




## ပန်းချီဆရာ မင်းမင်းခိုင်၏ SOFT TRANSPARENT အမည်ဖြင့် ဒုတိယအကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲပြုလုပ်

**မန္တလေး ဇွန် ၁၃**

ပန်းချီဆရာ မင်းမင်းခိုင်၏ "SOFT TRANSPARENT" အမည်ဖြင့် ဒုတိယအကြိမ်မြောက် တစ်ကိုယ်တော် ပန်းချီပြပွဲကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၅၇ လမ်း၊ ၁၀၃လမ်းနှင့် ၁၀၄လမ်း ကြားရှိ COLLECTOR'S SO-UL ART GALLERY အနုပညာပြခန်းတွင် ဖွင့်လှစ်ပြသခဲ့သည်။

အဆိုပါပန်းချီပြပွဲကို ဇွန် ၁၂ ရက်မှ ၁၄ ရက်အထိ သုံးရက်တိုင်တိုင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားရှိကာ ဆရာမင်းမင်းခိုင်၏ အခရိုင်းလစ်ပန်းချီကားများ ပြသသွားမည်ဖြစ်၍ ပန်းချီအနုပညာ မြတ်နိုးသူများ လာရောက်လေ့လာ ခံစားကြည့်ရှုနိုင်ကြောင်း သိရသည်။ **(ယာပုံ)**

**(၀၇၀)**



# လှုပ်လှုပ်ရှားရှား ကုန်စည်စီးပွား

## ပြည်တွင်းသုံးပဲကြီးတစ်မျိုးသာ ဈေးကောင်းနေသော်လည်း ကျန်ပဲများ ဆက်လက်ဈေးကျဆင်း

ပြည်တွင်းသုံး ပဲကြီးတစ်မျိုးသာ ဈေးကောင်းရနေသော်လည်း ကျန်ပဲများ အရောင်းအဝယ်အေး ဈေးကျ ဆင်းနေကြောင်း ပဲကုန်သည်များထံမှ သိရသည်။

မန္တလေးဈေးကွက်အတွင်း ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံး ပဲများ အရောင်းအဝယ်အေးနေရာ ပဲအမျိုးအစားအလိုက် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀-၁၀၀၀၀ ဈေးကျဆင်းသွားခြင်း ဖြစ်သည်။

နိုင်ငံခြားငွေဈေးကွက် အပြောင်းအလဲမရှိသလို ပြည်တွင်း ရွှေဈေးများ ကျဆင်းမှုဂယက်ကြောင့် ပြည်တွင်းပဲဈေးကွက်ပါ လိုက်ပါကျဆင်းနေကြောင်း ပို့ကုန်ပဲများမှာ သုံးတင်းတစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ကျော် ဈေးကျဆင်းပြီး ပြည်တွင်းသုံးပဲများ ငွေကျပ် ၅၀၀၀ ခန့် ဈေးကျဆင်းသွားကြောင်း၊ မြေပဲလုံးဆန်မှာလည်း ဈေးကွက်အတွင်း အဝယ်အေးသွားကြောင်း၊ ဈေးကောင်းရရှိနေသည်မှာ ပဲကြီးတစ်မျိုးသာရှိကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

"တရုတ်လိုင်းသွားတဲ့ ပဲတီစိမ်းများ ဈေးကွက်ကျဆင်းနေသလို ပဲစင်းငုံလည်း အဝယ်မလိုက်သေးပါဘူး။ ဒီတစ်ပတ် ပဲဈေးက ယခင်ပတ်ထက် ပိုမိုကျဆင်းလာပါတယ်။ ပြည်တွင်းငွေလွှဲဈေး၊ ရွှေဈေးတွေ ကျဆင်းမှုနဲ့ အတူ ပဲဈေးကွက်ပါ အရောင်းအဝယ်အေးနေပါတယ်"ဟု ၄င်းက ပြောသည်။

ဇွန် ၁၃ ရက်တွင် ပို့ကုန်ပဲများအားလုံး ဈေးတည်ငြိမ်နေလျက်ရှိရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၈၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၇၈၀၀၀၊ ပဲတီစိမ်း (အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀ အထိ ဈေးကျဆင်းလျက်ရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ အနည်းငယ် အတက်၊ အကျ ရှိသော်လည်း အရောင်း အဝယ်ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၈၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀၊ 929 ကုလားပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၂၀၀၀ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဇွန် ၁၃ ရက်တွင် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀၀၊ ပဲကြားတစ်အိတ်လျှင် ငွေကျပ် ၄၁၅၀၀၀၊ ပဲနီပြား(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၂၀၀၀၀၊ ပဲဇီးကွက် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ စွန်တာပြာတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀၊ ကျွန်းစားတော်ပဲ (အသေး)တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဇွန် ၁၃ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၈၀၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၃၄၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၁၁၆၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

**ရွှေမန်း**





## ပြောင်းစိုက်တောင်သူများ အစေ့ထုတ်ပြောင်း(CP)ကို စိုက်ပျိုးမှု တိုးချဲ့လာ

ပြောင်းစိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သော တောင်သူများအနေဖြင့် ယခုနှစ် စိုက်ပျိုးရာသီတွင် ရာသီဥတုနှင့် မြေဆီလွှာ အခြေအနေများအရ အစေ့ထုတ်ပြောင်း (CP)စိုက်ပျိုးမှုကို တောင်သူများ ပိုမိုတိုးချဲ့ စိုက်ပျိုးလာကြသည်။

အစေ့ထုတ်ပြောင်း (CP) သည် တိရစ္ဆာန်အစာစပ်လုပ်ငန်းများတွင် အဓိကအသုံးပြုသည့် သီးနှံဖြစ်သဖြင့် ဈေးကွက်လိုအပ်ချက် အမြဲရှိနေခြင်း၊ အခြားသီးနှံများနှင့် နှိုင်းယှဉ်ပါက ပြုစုရလွယ်ကူပြီး အထွက်နှုန်းကောင်းမွန်ခြင်းတို့ကြောင့် တောင်သူများအကြား စိတ်ဝင်စားမှုမြင့်တက်လာခြင်းဖြစ်ကြောင်း ပြောင်းစိုက်တောင်သူများထံမှ သိရသည်။

လက်ရှိတွင် တောင်သူများသည် အထွက်နှုန်းကောင်းမွန်ပြီး ရောဂါဒဏ် ခံနိုင်ရည်ရှိသော ပြောင်းမျိုးစေ့များကို ရွေးချယ်စိုက်ပျိုးလျက်ရှိကြပြီး စိုက်ပျိုးရေးဌာနမှလည်း လိုအပ်သော စိုက်ပျိုးရေးနည်းပညာများနှင့် ပိုးမွှားကာကွယ်ရေးဆိုင်ရာ အသိပညာပေးမှုများကို ကူညီပံ့ပိုးပေးလျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် အစေ့ထုတ်ပြောင်း(CP)များကို မိုးဦးကျကာလဖြစ်သည့် မေလနှင့် ဇွန်လများတွင် စတင်စိုက်ပျိုးကြပြီး အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ရိတ်သိမ်းခြွေလှေ့ကြသည်။ တောင်သူအချို့မှာ ဆောင်းသီးနှံအဖြစ် ဒုတိယအကြိမ် ပြန်လည် စိုက်ပျိုးကြသူများလည်းရှိသည်။

ယခုနှစ်တွင် မျိုးစေ့၊ မြေဩဇာ၊ စက်သုံးဆီနှင့် လုပ်အားခများ မြင့်တက်လာသဖြင့် တစ်ဧကလျှင် ငွေကျပ် ၇ သိန်းမှ ၁၀ သိန်းဝန်းကျင်အထိ ကုန်ကျနိုင်ပြီး အဆိုပါ ကုန်ကျစရိတ်များတွင် မြေပြင်ဆင်ခြင်း၊ မျိုးစေ့ဝယ်ယူခြင်း၊ မြေဩဇာကျွေးခြင်း၊ ပေါင်းမြက် နှိမ်နင်းခြင်းနှင့် ရိတ်သိမ်းခများ ပါဝင်ကြောင်း ပြောင်းစိုက်တောင်သူများက ပြောသည်။

တောင်သူများ၏ ခန့်မှန်းချက်အရ ယခုနှစ်တွင် မိုးရွာသွန်းမှုမှန်ကန်ပြီး ရာသီဥတု သင့်တင့်မျှတမှုရှိပါက အစေ့ထုတ်ပြောင်း(CP) အထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၅၀ မှ ၆၀ ကျော်အထိ ထွက်ရှိနိုင်သည်။

ထို့အပြင် ဈေးကွက်ပေါက်ဈေးနှင့် အထွက်နှုန်းကောင်းမွန်မှုအပေါ် မူတည်၍ တစ်ဧကလျှင် အသားတင်အကျိုးအမြတ် ငွေကျပ် ငါးသိန်းမှ ရှစ်သိန်းအထိ ရရှိနိုင်မည်ဟု တွက်ချက်ထားကြသည်။

လက်ရှိတွင် ပြောင်းစိုက်ဒေသ ကျေးရွာအသီးသီး၌ မိုးဦးကျပြောင်းစိုက်ခင်းများ သဘာဝမိုးရေဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ရာသီဥတု ဆက်လက်ကောင်းမွန်ပါက ယခုနှစ်တွင် ပြောင်းစိုက်တောင်သူများ စီးပွားရေးအရ ပိုမိုတွက်ခြေကိုက်ကာ အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရွှေမန်း**

## မုံရွာမြို့နယ်ရှိ ကွမ်းဈေးနှုန်းဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အောင်သာကျေးရွာတွင် ကွမ်းကို တစ်နိုင်တစ်ပိုင်အနေဖြင့်သော်လည်းကောင်း၊ စီးပွားဖြစ်သော်လည်းကောင်း စိုက်ပျိုးကြပြီး မိုးစိုက်နှင့် ဆောင်းစိုက်ဟူ၍ရှိရာ မိုးစိုက်မှာ ပိုးကျလွယ်ပြီး ပျက်စီးဆုံးရှုံးမှုများသဖြင့် ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြသည်။

ကွမ်းကိုစိုက်ပျိုးရန်အတွက် ကွမ်းမျိုးဖြစ်သည့် ကွမ်းညွန့်တစ်ညွန့်လျှင် လက်ကားဈေးငွေကျပ် ၅၀၀ ခန့်ဖြင့် ဝယ်ယူ၍ တစ်ဧက၏ နှစ်ပုံတစ်ပုံခန့် ၀ ဒသမ ၅ ဧက အကျယ်ရှိ ကွမ်းခြံ၌ ကွမ်းအညွန့် ၁၀၀၀-၁၁၀၀ ခန့် စိုက်ပျိုးကြပြီး မျိုးအနေဖြင့် ကွမ်းနဝါမျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ကွမ်းကို စိုက်ပျိုးပြီး ငါးလ၊ခြောက်လခန့် အကြာတွင် စတင်ခူးဆွတ်နိုင်ပြီး နေရာဒေသ၊ မြေအနေအထားနှင့် ကွမ်းမျိုးကောင်းမျိုးသန့်ပေါ်မူတည်၍ သုံးနှစ်မှ ငါးနှစ်အထိ ခူးဆွတ်ရရှိနိုင်ကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧက၏ နှစ်ပုံ၊ တစ်ပုံခန့် ၀ ဒသမ ၅ ဧကလျှင် ငွေကျပ် သိန်း ၇၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ကွမ်းရွက်ကို ၁၀ ရက်ခြား တစ်ကြိမ် ခူးဆွတ်ရပြီး တစ်ကြိမ်ခူးဆွတ်လျှင် ပိဿာ ၂၀-၂၅ ခန့် ထွက်ရှိ၍ တစ်လလျှင် ပိဿာချိန် ၅၀-၅၅ ခန့် ထွက်ရှိရာ ကွမ်းပင်များ အောင်မြင်ဖြစ်ထွန်းမှုပေါ်မူတည်၍ အထွက်နှုန်းကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းဈေးကွက်အနေဖြင့် ဇွန်လပထမအပတ်တွင် လက်ကားဈေး ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀- ၅၅၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိပြီး ယခင် မေလတတိယအပတ်နှင့် နှိုင်းယှဉ်လျှင် ငွေကျပ် ၃၅၀၀ ဈေးနှုန်းကျဆင်းကြောင်း၊ တစ်လဝင်ငွေ ငွေကျပ် ၂၅၀၀၀၀ ရရှိကြောင်း၊ ကွမ်းဈေးအတက်အကျပေါ် မူတည်၍ အပတ်စဉ် လစဉ်ဝင်ငွေရရှိပြီး မုံရွာမြို့ပေါ်ရှိ ကွမ်းအဝယ်ဒိုင်များသို့ တင်ပို့ရောင်းချကြကြောင်း၊ မိုးရာသီ ရောက်ရှိလာ၍ ကွမ်းရွက် အထွက်နှုန်းများလာကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

**ရွှေမန်း**



## ယခုဘဏ္ဍာနှစ် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၉ ဒသမ ၁ ဘီလီယံ လျာထားဆောင်ရွက်နေ

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းနိုင်ရန် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၂၉ ဒသမ ၁ ဘီလီယံ လျာထားဆောင်ရွက်နေကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ ဘီလီယံနှင့် သွင်းကုန်အနေဖြင့် ၁၄ ဒသမ ၇ ဘီလီယံ လျာထားဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုနှစ် ဧပြီလမှ ဇူလိုင်လအထိ ပြည်ပပို့ကုန်အနေဖြင့် ဒေါ်လာ ၄ ဒသမ ၇၅ သန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး သွင်းကုန်အနေဖြင့် ဒေါ်လာ ၄ ဒသမ ၅၆ သန်းပြည့်မီအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုးများကို မျှခြေဖြစ်အောင် ထိန်းညှိပြီး ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက ပြောသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်မှုဆိုင်ရာ ရည်မှန်းချက်များကို ပြီးခဲ့သည့်နှစ်များ၌ ဆောင်ရွက်ခဲ့သော ပို့ကုန်၊သွင်းကုန် လျာထားချက်များ၊ လက်ရှိဖြစ်ပေါ်နေသည့် ပို့ကုန်၊သွင်းကုန် အခြေအနေပေါ်မူတည်ပြီး လျာထားဆောင်ရွက်သွားမည်ဖြစ်သည်။

လာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ ဒေါ်လာ ဘီလီယံ ၃၀ ၊ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၁ ဒသမ ၂ ဘီလီယံ၊ ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၂ ဒသမ ၁ ဘီလီယံ၊ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၃ ဘီလီယံအထိ လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေမန်း**



# ကျောင်းကျန်းမာရေးမြှင့်တင်ရေးအတွက် ကျောင်းမုန့်ဈေးဆိုင်တန်းများအား လိုက်လံစစ်ဆေး

**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်၏ ကြီးကြပ်မှုဖြင့် ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးမြှင့်တင်ရေးအတွက် ကျောင်းမုန့်ဈေးဆိုင်တန်းများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းခိုင်၊ မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်စိုးစိုး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု ဦးစီးဌာန(FDA)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာရဲဘုန်းအောင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ရွှေ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ရတနာဘုမ္မိအရှေ့ရပ်ကွက် အ·ထ·က(၁၃)ကျောင်းဝင်းအတွင်းရှိ ကျောင်းမုန့်ဈေးတန်း၊ ဟေမမာလာတောင်ရပ်ကွက် အ·ထ·ကခွဲ(၂) ကျောင်းဝင်းအတွင်းရှိ ကျောင်းမုန့်ဈေးတန်း၊ မဟာမြိုင်(၁)ရပ်ကွက် အ·လ·ကခွဲ(၄) ကျောင်းဝင်းအတွင်းရှိ ကျောင်းမုန့်ဈေးတန်း၊ မဟာနွယ်စဉ်ရပ်ကွက် အ·ထ·ကခွဲ(၁၂) ကျောင်းဝင်းအတွင်းရှိ ကျောင်းမုန့်ဈေးတန်း၊ စကြာနွယ်စဉ်ရပ်ကွက်အ·ထ·က(၃)ကျောင်းဝင်းအတွင်းရှိ ကျောင်းမုန့်ဈေးတန်းတို့အား ကွင်းဆင်းစစ်ဆေးခဲ့ရာ ကျောင်းမုန့်ဈေးတန်းဆိုင်များတွင် စားသုံးရန်မသင့်သည့်မုန့်များ ရောင်းချခြင်း မပြုရန်၊ စားသုံးရန် မသင့်သည့် အစားအစာများ ရောင်းချခြင်း မပြုရန်၊ သက်တမ်းကုန်လွန်သည့် အစားအစာများ ရောင်းချခြင်း မပြုရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။



(ဓာတ်ပုံ)
**အောင်ဇော်မင်း**

# ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးများ စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဆင်း

**ဟိုပုံး ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးများစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဆင်းပွဲကို ဇွန် ၁၂ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေက သင်တန်းဆင်း အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို အသီးသီး ပေးအပ်ကြသည်။ **(အောက်ယာပုံ)**

အဆိုပါသင်တန်းတွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ တက်ရောက်ကြပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ဦးစီးတာဝန်များ၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်များ၊ သစ်တောဥပဒေညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ၊ မြေလွတ်မြေရိုင်းစီမံခန့်ခွဲမှုဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းစင်ရေးဆိုင်ရာများ၊ နိုင်ငံခြားသားဥပဒေနှင့် လဝကလုပ်ထုံးလုပ်နည်းများ၊ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေထုတ်ချေးသည့် ချေးငွေဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ယစ်မျိုးနှင့် ဓာတ်သတ္တုအမှုတွဲတည်ဆောက်ခြင်း လုပ်ထုံးလုပ်နည်းများ၊ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လက်တွေ့အသုံးပြုလျက်ရှိသည့် မီးသတ်ဥပဒေ ဘာသာရပ်များ ရပ်/ကျေးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အခြားနည်းသုံးစွဲခွင့်လုပ်ထုံးလုပ်နည်းများ၊ ပိုးသတ်ဆေးဓာတ်မြေဩဇာဥပဒေနှင့် သီးနှံအထွက်တိုးဆောင်ရွက်ရေးနည်းလမ်းများနှင့် အခြားဝန်ထမ်းရေးရာနှင့်ပတ်သက်သည့် ဘာသာရပ်များကို ဇွန် ၈ ရက်မှ ၁၂ ရက်အထိ သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

*-*-*-*-*-*






ပတ်စရော၊ မှတ်စရာ
စုံလင်
မန္တလေး

## သတ္တိမွေးမယ် တို့လူငယ်

* လောကမှာ အခက်အခဲ
ရင်ဆိုင်နဲ့ ဖြတ်ကျော်ကွယ်
ကြောက်စိတ်တွေ ဖယ်ခွာလျက်
ရှေ့ဆက်ကြမယ်။

* ကောင်းရာတွေ ပြုကျင့်ကြံရွယ်
လူ့ရပ်ထံ နေထိုင်လို့
တန်ဖိုးရှိ လူသားအဖြစ်ကို
ထုဆစ်ပါစို့။

* ဆိုး၊ ကောင်းတွေ အမှန်သိဖို့
ဝေဖန်ပိုင်းခြား လူငယ်တွေ
စည်းကမ်းကို လိုက်နာရင်
ဂုဏ်လင်းပါစေ။

* ဇွဲသတ္တိ မွေးမြူလေ
တက်လူငယ် မောင်မယ်များ
ရည်မှန်းရာ ပန်းတိုင်ရောက်
ထွန်းတောက်စေသား။

* အားမာန်ဆောင် သတ္တိများ
ဘဝအရေး လှစေအမှန်
စိတ်ဓာတ်တွေ မြှင့်တင်ထား
ကြိုးစားရှင်သန်။

* အောင်မြင်မှု ပန်းတိုင်အမှန်
လှမ်းနိုင်မသွေ အမှန်မနေး
အချိန်တွေကို အကျိုးရှိရှိ
သုံးကြည့်စို့လေး။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

# ကျေးလက်စီးပွားမြှင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ဝမ်းတွင်း ဇွန် ၁၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် စနစ်ကျသော မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်စီးပွားမြှင့်မားရေး ရန်ပုံငွေထူထောင်ခြင်း (RBF) စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးလက်စီးပွားမြှင့်မားရေး ရန်ပုံငွေထူထောင်ခြင်း(RBF) စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် ကျေးလက်စီးပွားမြှင့်မားရေးရန်ပုံငွေထူထောင်ခြင်း(RBF) စီမံကိန်းလွှဲပြောင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဝမ်းတွင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ကျေးလက်စီးပွားမြှင့်မားရေး ရန်ပုံငွေထူထောင်ခြင်း(RBF)စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အင်းကန်းကုန်းကျေးရွာ (RBF) စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၁၈)၊ ဦးပိုင်အမှတ်(၄၄) ခဲစင်းတောင်ခြမ်း၊ မြောက်ခြမ်း၊ ၇၂လမ်းနှင့်၇၃လမ်းကြား၊ ၁၁၉လမ်းနှင့်၁၂၀လမ်းကြားရှိ ဂရန့်မြေကွက်အမည်ပေါက်သူ ဦးကျော်ထွန်း(ခ)ခင်ဇော်(၉/မနတ(နိုင်)၀၅၄၄၂၇)က ဂရန့်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**အများသိစေရန် ကြေညာခြင်း**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ (၅၉-ဒီ)လမ်း၊ ၁၁၇လမ်းနှင့်၁၁၇(အေ)လမ်းကြား၊ အကွက်အမှတ်(ဋ-၁၂)၊ ဦးပိုင်အမှတ်(၄၃/ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၁၅ပေ×ပေ၄၀) အကျယ်ရှိ ဦးကျော်ကျော်ဦး(ဘ)ဦးကိုကြီး(၉/မနတ(နိုင်)၀၃၇၄၀၂)အမည်ဖြင့် မန္တလေးမြို့ မြို့ကွက်သစ်ဖော်ထုတ်မြေနေရာချထားရေးအဖွဲ့မှ မြေနေရာချထားပေးသည့် စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မြေကွက်အမည်ပေါက်သူထံမှ အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရောက်ရရှိ ဝယ်ယူပိုင်ဆိုင်လျက် တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူ ဦးစိန်လင်း(ဘ)ဦးအောင်လှ(၅/မမန(နိုင်)၀၃၈၃၅၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှလှမြင့်(ဘ)ဦးအောင်ငြိမ်း(၅/တဆန(နိုင်)၀၈၄၆၄၆)က အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးခက်ခက်နိုင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ**
**၅၉လမ်း၊ ၁၁၇လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၆၄၂၈၂၆၇**

## အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၉/၂၀၀၆)အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃၇)၊ ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန့်မြေကွက်နှင့် ပတ်သက်၍ ဗိုလ်မှူးကြည်မင်း(ဘ)ဦးမင်းဒင်(ကြည်း-၁၆၂၂၂၊ ၁၂/လကန(နိုင်) ၀၁၆၅၄၅)ကိုင်ဆောင်သူမှ ဒေါ်ခုစွေဆွန်(ဘ)ဦးခေါ်ရှိ(၉/မရမ(နိုင်)၀၇၈၄၃၁)ကိုင်ဆောင်သူသို့ မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် (၂၅-၁-၂၀၀၆)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၉/၂၀၀၆)ဖြင့် လွှဲအပ်သူ၏ကိုယ်စား လိုအပ်သော ရုံးကိစ္စအဝဝတို့ကို ဆောင်ရွက်နိုင်ရန်အတွက် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။

ယခုအခါ ရုံးလုပ်ငန်းကိစ္စရပ်များ ဆက်လက်ဆောင်ရွက်ရန်မလိုအပ်တော့ပါသဖြင့် လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၉/၂၀၀၆)ကို ပြန်လည် ရုပ်သိမ်းပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဗိုလ်မှူးကြည်မင်း(ငြိမ်း)**
**ကြည်း-၁၆၂၂၂**
**(၁၂/လကန(နိုင်)၀၁၆၅၄၅)**
**အကွက်အမှတ်(လလ-၃၇)၊**
**(ဈ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။**
**ဖုန်း ၀၉-၇၅၈၃၆၆၈၇၃**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၁၃)၊ ၆၉ လမ်း၊**
**မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊**
**၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၁၅-မ/၃၃)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၁ ဒသမ ၅)ဧကအတွင်းမှ ၇၉လမ်းမျက်နှာပြုတောင်မြောက် ပေ(၃၀)၊ အရှေ့အနောက်ပေ(၆၀) (ခန့်မှန်းဧရိယာ ၀ ဒသမ ၀၄၁၃ဧက) အကျယ်အဝန်းရှိ မြေကွက် မြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အမွေရပိုင်ဆိုင်ကာ တရားဝင်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးမောင်မောင်ဝမ်း(အဘ)ဦးတင်စိန်(၉/မနမ(နိုင်)၀၀၅၇၂၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုပြစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးဦး(LL.B) ဒေါ်နိုင်နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(၅၁၃/၃)၊ ကျန်းမာရေးရပ်၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၁၀၂၆၁၈၉၊ ၀၉-၄၄၄၀၂၆၁၈၉၊ ၀၉-၇၈၀၆၉၂၆၇၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၁)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဂရန့်မြေကွက်သည် ဦးစိုးဝင်းဦး အမည်ပေါက် ဖြစ်ပါသည်။

အထက်ပါမြေကွက်ကို အမည်ပေါက်သူထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမြင့်လွင်(၉/မရမ(နိုင်)၀၇၁၉၆၀)ထံမှ ကျွန်ုပ်၏အမှုသည်က အပိုင်ဝယ်ယူရန် သဘောတူညီသဖြင့် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ပြောဆိုလိုပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မိမိအထောက်အထားပြသည့် စာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်းတို့နှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်တိုးတိုးဝင်း(မဟာဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**၃၆လမ်း၊ ၇၇လမ်းနှင့်၇၈လမ်းကြား၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၀၁၂၈၂၅၊ ၀၉-၆၉၄၀၇၇၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၇)၊ ဦးပိုင်နံပါတ်(၉၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးလှသောင်း အမည်ပေါက် ဂရန့်မြေကွက်၏ မြောက်ဘက်ခြမ်းပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပူးတွဲဝယ်ယူပိုင်ဆိုင်ခဲ့သူများအနက် (ဇနီး)ဒေါ်တင်တင်စိုး ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ခင်ပွန်း)ဦးကျော်စိုး(ဘ)ဦးကျောက်ဆုံ(ခ)ဦးကျောက်ရုံ(၁၂/သကတ(နိုင်)၀၄၁၅၄၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဦးဖြိုးသာစန့် (LL.B)** အထက်တန်းရှေ့နေ
**ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်သဲမိုမိုထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁၀)၊ ဦးပိုင်နံပါတ်(၅၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးသိန်းငွေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးစန်းမိုး(ဘ)ဦးစက်ပေါ(၉/မရတ(နိုင်)၁၁၀၀၆၈)နှင့် ဒေါ်ဇင်မာဝေ(ဘ)ဦးကြည်ပိုင်(၁၀/သဖရ(နိုင်)၀၈၆၅၉၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သုခမင်္ဂလာ(၁)ရပ်ကွက်၊ ကွင်းအမှတ်(၄၉၈/သစ်ချိုကုန်း)၊ ဦးပိုင်အမှတ်(၁၀၈)၊ ဦးကိုကိုကြီး အမည်ပေါက် ဂရန့်မြေကွက်ကြီးထဲမှ အလယ်အစိတ်အပိုင်း(၁၈ပေ×ပေ၄၀) ဂရန့်မြေကွက်နှင့်ပတ်သက်၍ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော ၁။ ဒေါ်ခင်မို့မို့ဝင်း(ဘ)ဦးသန်းဝင်း(၉/ပသက(နိုင်)၁၁၂၇၂၇)၊ ၂။ ဒေါ်လွင်မို့မို့ဝင်း(ဘ)ဦးသန်းဝင်း(၉/ပသက(နိုင်)၁၁၂၇၂၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဂရန့်မြေကွက်၏ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စကို အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အကယ်၍ ကန့်ကွက်မည့်သူတစ်စုံတစ်ရာမရှိပါက ဖော်ပြပါမြေကွက်အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးရဲထွန်း(ဘ)ဦးသန်းအောင်**
**(၇/ပခန(နိုင်)၁၉၁၀၁၁)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန္ဒီထက်အောင် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉-၂၅၉၀၄၅၅၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၉)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀ ဒသမ ၀၃၀၉)ဧက အကျယ်အဝန်းရှိ ဦးမျိုးအောင် အမည်ပေါက် ဂရန့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ်ခွဲ အဆောက်အအုံ(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဂရန့်အမည်ပေါက် လက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးအောင်(ဘ)ဦးအောင်ကျော်လွင်(၅/ကလထ(နိုင်)၀၃၄၉၉၁) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုပြစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဒေါ်မော်မော်ထွန်း(ဘ)ဦးညီလာ**
**(၁/မကန(နိုင်)၀၃၆၆၁၂)**

**လွှဲအပ်ချက်အရ-**
**ဒေါ်တင်မီမီကျော် (LL.B) ဒေါ်ပပဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၅၉(စီ)လမ်း၊ ၁၁၅(အေ)လမ်းနှင့်၁၁၆လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၄၂၀၇၈၃၉၁၇၊ ၀၉-၇၉၇၅၇၅၁၇၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၅)၊ ဦးပိုင်အမှတ်(၆၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးအောင်မြင့် အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်နိုင်နိုင်လင်း (ဘ)ဦးသိန်းထွန်းဦး(၉/တသန(နိုင်)၀၉၃၃၀၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ–၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊**

**(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃၊ ၀၉–၇၅၀၇၅၀၀၇၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၆)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒုတိယဗိုလ်မှူးကြီးခင်အောင်(ငြိမ်း) အမည်ပေါက်ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးအောင်ခန့်မင်း (ဘ)ဦးဗိုလ်လင်း(၇/တငန(နိုင်)၁၈၂၀၈၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ–၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊**

**(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃၊ ၀၉–၇၅၀၇၅၀၀၇၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၁)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးတင်အောင် အမည်ပေါက်ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူများဖြစ်သော ၁။ ဒေါ်သုနန္ဒာထွန်း (ဘ)ဦးကျော်ဆွေ(၈/ရစက(နိုင်)၁၂၄၀၅၆)၊ ၂။ ဒေါ်စိုးလှလှမိုး (ဘ)ဦးကျော်ဆွေ(၈/ရစက(နိုင်)၁၄၁၈၇၅) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ–၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊**

**(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃၊ ၀၉–၇၅၀၇၅၀၀၇၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၄)၊ ဦးပိုင်နံပါတ်(၈၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးမောင်ညို အမည်ပေါက်ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးငွေမင်းထိုက် (ဘ)ဦးသန်းဖေ(၅/ဆလက(နိုင်)၀၆၆၃၈၈) [၎င်း၏ကိုယ်စား ဒေါ်မြင့်မြင့်အေး (ဘ)ဦးလောချော (၉/အမဇ(နိုင်)၀၇၉၅၄၉)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄၇)၊ ဦးပိုင်နံပါတ်(၆၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ကျော်ရင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန်းဝင်း (ဘ)ဦးညီလေး(၉/မရတ(နိုင်)၁၂၉၄၈၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာခန့် (LL.B)** — **အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်သဲမိုမိုထွန်း (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၈)၊ ဦးပိုင်နံပါတ်(၁၀၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးသိန်းသန်းထိုက် အမည်ပေါက်ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်နိုင်စိုး (ဘ)ဦးမောင်မောင်တူး(၉/အမဇ(နိုင်)၀၁၁၇၃၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာခန့် (LL.B)** — **အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်သဲမိုမိုထွန်း (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၄)၊ ဦးပိုင်နံပါတ်(၁၀၂+၁၀၃-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅+၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးဖုန်းမြင့် အမည်ပေါက်ဂရန်မြေကွက်များအနက် ဦးပိုင်နံပါတ်(၁၀၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)၏ တောင်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ ကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြညွန့် (ဘ)ဦးကွက်(၉/မနမ(နိုင်)၀၅၄၇၄၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာခန့် (LL.B)** — **အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်သဲမိုမိုထွန်း (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၈၁)၊ ဦးပိုင်အမှတ်(၇၃+၇၄-ခ)၊ ၈၆လမ်းနှင့်၈၇လမ်းကြား၊ ၂၄လမ်းနှင့်၂၅လမ်းကြားရှိ ဦးရွှေမန်း အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးရွှေမန်း၊ မိခင် ဒေါ်သန်းနွဲ့(ခ)သန်းသန်းနွယ်တို့ ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဒေါ်ကြည်ကြည်မြင့်(၉/မနတ(နိုင်)၀၀၈၂၅၄)၊ ဦးကျော်ကျော်နိုင်(၉/အမဇ(နိုင်)၀၀၃၄၆၁)၊ ဒေါ်အေးအေးမန်း(၉/အမဇ(နိုင်)၀၆၄၃၇၅)၊ ဒေါ်အေးအေးသန်း(၉/အမဇ(နိုင်)၀၈၁၁၉၃)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၁)၊ ဦးပိုင်အမှတ်(၆၅)၊ ၆၈လမ်းနှင့်၆၉လမ်းကြား၊ ၁၂၀လမ်းနှင့်၁၂၁လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၉၅၃/၉၀-၉၁)အရ ဦးညွန့်မောင် မှတ်ပုံတင်အမှတ်(၁/ဗမန(နိုင်)၀၅၈၇၃၀) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးညွန့်မောင်မှတ်ပုံတင်အမှတ်(၁/ဗမန(နိုင်)၀၅၈၇၃၀)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

**ကြော်ငြာစာ**

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၂၀-ည)(ခဲစင်း)အလယ်ခြမ်း၊ အောင်မြင့်ကျော်လမ်းပေါ်၊ စစ်ကိုင်း-မန္တလေးကားလမ်းတောင်ဘက်ရှိ မြေကွက်အမည်ပေါက်သူ ဒေါ်ယမုံဝင်း(၉/မရမ(နိုင်)၀၂၂၇၂၈)က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

မန္တလေး ဇွန် ၁၃

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုပြီး တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် အဆိုပါရုံးအစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။ ယင်းနောက် ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ကိုးကန့်၊ တအာင်း၊ နာဂ၊ ရှမ်းနီ၊ ပအိုဝ်း၊ လီဆူနှင့် မယ်တိုင်(ကသဲ) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများ၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံသားစိစစ်ရေးကတ်တွင် တိုင်းရင်းသားလူမျိုးအမည်မှားယွင်းမှုကိစ္စများ၊ တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်ပွဲတော် အခမ်းအနားကျင်းပရေးနိုင်ရေးအတွက် မြေကွက်နေရာရရှိရေးဆိုင်ရာကိစ္စများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



သတင်းစဉ်

## မန္တလေး - မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် နိုင်ငံတော်အစိုးရအဖွဲ့အစီအစဉ်ဖြင့် တတိယအကြိမ်ပေးပို့လာသည့် စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာအိတ်များနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်များ မြစ်ကြီးနားမြို့သို့ ထပ်မံရောက်ရှိ

မြစ်ကြီးနား ဇွန် ၁၃

မန္တလေး – ထီးချိုင့် – ကသာ – မိုးညှင်း – မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် နိုင်ငံတော်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ပေးပို့ခဲ့သည့်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာအိတ်များနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအတွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များသည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် တတိယအကြိမ်အဖြစ် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိလာသည်။

စာမျက်နှာ ၁၀ သို့



## ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ်ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်၌ တည်ရှိသည့် မန်းဓာတ်အားပေးစက်ရုံကို Supervisory Control And Data Acquisition (SCADA) စနစ်ဖြင့် ချိတ်ဆက်၍ ဓာတ်အားပို့လွှတ်နေသော အခြေအနေကို National Control Center (NCC နေပြည်တော်) မှ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်၊ ဓာတ်အားစနစ် ထိန်းချုပ်ကွပ်ကဲမှု ပိုမိုကောင်းမွန်စေရန်နှင့် ဓာတ်အားစနစ် တည်ငြိမ်မှုရှိစေရန် ရည်ရွယ်၍ မန်းဓာတ်အားပေးစက်ရုံမှ ဓာတ်အားပို့လွှတ်နေသော ဖီဒါများ၏ Multifunction Meter များအား အသစ်အစားထိုး လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်ရုံရှိ ၁၃၂/၃၃/၁၁ ကေဗွီ ၅၀ အမ်ဗွီအေ ထရန်စဖော်မာအား ဇွန် ၁၄ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ ၁၃၂/၆၆/၁၁ ကေဗွီ ၄၀ အမ်ဗွီအေထရန်စဖော်မာအား မွန်းလွဲ ၂ နာရီမှညနေ ၅ နာရီအထိလည်းကောင်း ယာယီဓာတ်အားပိတ်၍ လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်သည်။

စာမျက်နှာ ၁၀ သို့

## ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၉၄ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၉၄ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နေရာပြမြေပုံ။

နေပြည်တော် ဇွန် ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ လုံးဝပြန်လည်အခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေနှိမ်နင်းလျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာ နယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ

စာမျက်နှာ ၁၀ သို့



## ကတ္တရာလမ်းခင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ တူးဖော်လျက်ရှိ

မန္တလေး ဇွန် ၁၃

မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့သာယာလှပရေးအတွက် ကတ္တရာလမ်းခင်းခြင်းနှင့် ရေမြောင်းများ (Precast)၊ လမ်းကာတုံးများနှင့် ပလက်ဖောင်းများပြုပြင်ခြင်း လုပ်ငန်းများကို ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၃၅ လမ်း၊ ၄၇လမ်းနှင့် ၅၁လမ်းကြားဝဲ၊ ယာ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မေ ၂ ရက်မှစတင်ကာ ကျောက်ပျက်ဖြန့်ခင်းစက်ကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မဟာအောင်မြေမြို့နယ်၊ ၆၂ လမ်း၊ ၄၃လမ်းနှင့် သိပ္ပံလမ်းကြားနှင့် ၇၈ လမ်း၊ လမ်း၄၀နှင့်သိပ္ပံလမ်းကြားတို့တွင်

စာမျက်နှာ ၁၀ သို့

## ၁၃-၆-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉ ဒသမ ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား(၁၆ ဒသမ ၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ